ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့၊ (17-1-2008) (၅၅၆၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဆိတ်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၁၆–၁–၂၀၀၈

လွိုင်လင်	(–၁)	ဒီဂရီ စင်တီဂရိတ်
ဟားခါး	(၁)	ဒီဂရီ စင်တီဂရိတ်
နမ့်စန်	(၂)	ဒီဂရီ စင်တီဂရိတ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ နဝဒေးစံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ နဝဒေးစံပြစိုက်ခင်းသို့ရောက်ရှိပြီး စံပြစိုက်ခင်းအတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပင်များနှင့် ခူးဆွတ်အခြောက်လှန်းထားသော ကြက်ဆူစေ့များကိုလည်းကောင်း၊ တိုင်ထောင်ပဲ၊ ဘိုစားပဲ၊ ကိုက်လန်၊ မုန်လာဥ၊ သင်္ဘော၊ သရက်နှင့် ဘူးပင်များ အပါအဝင် ဆောင်းသီးနှံနှင့် သီးပင်စားပင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

ဗျူဘောနစ် ပလိပ်ရောဂါကို ဖြစ်ပွားစေတတ်သော ကြွက်သန်းတစ်ကောင်၏ ပုံကိုတွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အင်တာနက် ကျန်းမာရေးသတင်း

ဗျူဘောနစ်နှင့် နီမိုးနစ်ပလိပ်ရောဂါများ ပြန်လည်ခေါင်းထောင်လာနိုင်ကြောင်း သတိပေး

ပေကျင်း ဇန်နဝါရီ ၁၆

ဗျူဘောနစ်ပလိပ်နှင့် နီမိုးနစ်ပလိပ်ရောဂါတို့သည် အလယ်ခေတ်အခါက ဥရောပတစ်လွှား အကြီးအကျယ် ဖိစီးနှိပ်စက်ခဲ့သည်။ ယခုအခါ ထိုရောဂါများသည် ကမ္ဘာပေါ်၌ မသိမသာ ပြန်လည်ခေါင်းထောင်လာလျက်ရှိကြောင်း ပညာရှင်များက ဇန်နဝါရီ ၁၅ ရက်တွင် သတိပေးထားသည်။

လွန်ခဲ့သော နှစ် ၂၀ မှစ၍ ရေတွက်လျှင် နှစ်စဉ် ပလိပ်ရောဂါကြောင့် ကမ္ဘာပေါ်တွင် လူ ၁၀၀မှ ၂၀၀အထိ သေဆုံးနေရသည်။ အထူးသဖြင့် ထိုရောဂါသည် အာဖရိကဒေသရှိ နိုင်ငံများတွင် စာမျက်နှာ ၉ ကော်လံ ၁ သို့ ✧

ယနေ့ သတင်းအညွှန်း

အီရတ်၊ အာဖဂန်၊ ထိုင်း၊ ကင်ညာ၊ ပါလက်စတိုင်း–အစ္စရေးနှင့် အမေရိကန် နောက်ဆုံးသတင်းများ — စာမျက်နှာ– ၄၅

ထူးထူးခြားခြား ကမ္ဘာ့မှတ်တမ်းဝင် စွမ်းဆောင်သူများ — စာမျက်နှာ– ၉

လာမည့်သောကြာပတ် မြန်မာကားသစ် ရုံတင်မည် — စာမျက်နှာ– ၁၀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၇-၁-၂၀၀၈
(ကြာသပတေးနေ့)

သဘာဝအခြေခံ ခရီးသွားလုပ်ငန်း မြှင့်တင်ကြိုးပမ်း

ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းသည် နိုင်ငံတကာတွင် အောင်မြင်မှုရရှိနေသော စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် အာရှပစိဖိတ်ဒေသသည် ကမ္ဘာလှည့်ခရီးသည်များ၏ အဓိကခရီးစဉ်ဒေသဖြစ်လာသည်။ မြန်မာနိုင်ငံတွင် သဘာဝတောတောင်ရှုခင်းမြင်ကွင်း၊ ဆီးနှင်းခဲသောတောင်တန်းနှင့် လှပသောပင်လယ်ကမ်းခြေများကို ရှုမြင်ခံစားနိုင်သည်ဖြစ်ရာ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အလားအလာကောင်းမွန်လျက်ရှိသည်။

ကမ္ဘာလှည့်ခရီးသည်အများစုသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အနုပညာလက်ရာမြောက် အဆောက်အအုံ၊ ရှေးဟောင်းပစ္စည်းများကို အထူးစိတ်ပါဝင်စားလေ့လာကြသည်။ ထို့အပြင် ဇီဝမျိုးစုံမျိုးကွဲများရှိသည့် အင်းတော်ကြီးအိုင် ဘေးမဲ့တော၊ အင်းလေးကန်ဘေးမဲ့တော၊ မိုးယွန်းကြီးအင်း ဘေးမဲ့တော၊ ရွှေစက်တော် ဘေးမဲ့တော၊ မိန်းမလှကျွန်း ဘေးမဲ့တော၊ ဟူးကောင်းချိုင့်ဝှမ်း ကျားထိန်းသိမ်းရေးနယ်မြေ၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်တို့ကိုလည်း ကမ္ဘာလှည့်ခရီးသည်များ လေ့လာလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း ရေမြေသဘာဝအတိုင်း မပျက်မယွင်း တည်ရှိနေသော နေရာများစွာရှိရာ သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

ပဲခူးတိုင်း(အရှေ့) တောင်ငူသစ်ထုတ်လုပ်ရေးဒေသရှိ ဖိုးကျားတောင်ခြေဆင်စခန်းသည် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းလုပ်ကိုင်ရန် အခြေအနေကောင်းများရှိသည်။ လွန်ခဲ့သော နှစ် ၂၀ ခန့်မှစ၍ သစ်ထုတ်လုပ်ငန်း အခြေစိုက်စခန်းအဖြစ်တည်ရှိခဲ့၍ ကြိုးဝိုင်းသစ်တောများနှင့် သဘာဝပတ်ဝန်းကျင် အလှအပများကို လေ့လာခံစားနိုင်သည်။

ဖိုးကျားတောင်ခြေဆင်စခန်းတွင် နားနေဆောင်၊ အိပ်ဆောင်များကို အဆင့်မြှင့်တင် တည်ဆောက်ထားသည်။ ဆင်များအား လေ့ကျင့်ပေးလျက်ရှိရာ ဆင်စီးခြင်း၊ ဆင်အကြောင်းအရာစုံ လေ့လာနိုင်ခြင်း၊ ချောင်းကမ်းဘေးရှိ ဆင်ဦးစီး ကျေးရွာများကို လေ့လာနိုင်ခြင်းတို့အပြင် ဆင်စခန်းပတ်ဝန်းကျင်ရှိ ဇီဝမျိုးစုံမျိုးကွဲများကိုလည်း ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

ယခုအချိန်သည် ကမ္ဘာလှည့်ခရီးသည်များ လာရောက်ချိန်ဖြစ်ရာ ခရီးသည်များ အဆင်ပြေစွာ သွားလာတည်းခိုနိုင်ရေး စီမံဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုလုပ်ငန်းများ ဖြည့်ဆည်း ဆောင်ရွက်ကြခြင်းဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်)တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ဇောတိကလမ်း ဌေးကြွယ်နေ ဗိုလ်မှူးကျော်စိုး-ဒေါက်တာဥမ္မာတင့်၊ သား မောင်ဝင်းထက်၊ သမီးခင်သီတဂူကျော်စိုးတို့၏ မွေးနေ့အတွက် အလှူငွေကျပ် ၁၅၀၀၀၀ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော် အရှင်တေဇိန္ဒ(M.A) (ဓမ္မာစရိယ) ဗုဒ္ဓဂယာထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဖြူးမဟာစည် သိမ်ဆောက်လုပ်ရေး လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ သီတင်းသုံးတော်မူရာ ကျောင်းတိုက်အတွင်း၌ သာသနပုဗ္ဗိကာရီ သိမ်တော်ကို အသစ်ဆောက်လုပ်လှူဒါန်းမည်ဖြစ်ရာ ရိပ်သာ ဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ ၁၈၁ နှင့် ၀၉ ၅၀ ၁၇၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီးများ ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ပြည်သူ့ဆေးရုံနှစ်ထပ်အဆောက်အအုံသစ် ဖွင့်ပွဲနှင့် ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းဖွင့်ပွဲသို့ တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၁၆

ဧရာဝတီတိုင်း၊ အင်္ဂပူမြို့နယ် ပြည်သူ့ဆေးရုံနှစ်ထပ်အဆောက်အအုံအသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် အဆိုပါ ပြည်သူ့ဆေးရုံ၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ တက်ရောက်အားပေးကြသည်။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်တို့ အင်္ဂပူမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သစ်တောရေးရာ)

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်နှင့် ဆေးရုံအလှူရှင် ဦးသိန်းဝင်းတို့က ဆေးရုံနှစ်ထပ် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြပြီး ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဆေးရုံအဆောက်အအုံသစ်သည် အလျားပေ ၁၀၀၊ အနံ ၃၂ ပေရှိ နှစ်ထပ်သံကူကွန်ကရစ် အဆောက်အအုံဖြစ်ပြီး အလှူရှင် ဦးသိန်းဝင်း-ဒေါ်တင်လတ်မင်း မိသားစုက ECGစက်၊ Nebulizerဆီးချို သွေးချိုတိုင်းစက်၊ ခွဲစုပ်စက်၊ အသက်ရှူအားကူကိရိယာ၊ အောက်စီဂျင်စက်၊ သွားစိုက်ထိုင်ခုံနှင့်ပစ္စည်းစုံ၊ ရုပ်မြင်သံကြားစက်၊ ရေခဲသေတ္တာ၊ ခွဲစိတ်ခန်း ပိုးသတ်မီးချောင်းနှင့် ဆေးရုံသုံးခုတင်များ အပါအဝင် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၉၆၅ သိန်းအကုန်အကျခံတည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အင်္ဂပူမြို့ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြရာ ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ ဝန်ကြီး ဒေါက်တာ ကျော်မြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်တို့က ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် ဝန်ကြီးများက ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းဆိုင်းဘုတ်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြကာ တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် အော်တိုအိတ်ချိန်းအတွင်း ကွန်ပျူတာခန်းနှင့် စက်ခလုတ်ခုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး နယ်ဝေးသို့ တယ်လီဖုန်းစမ်းသပ်ခေါ်ဆိုကြသည်။

အဆိုပါ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းတွင် တယ်လီဖုန်းလိုင်း ၄၀၀ ပါဝင်ပြီး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ ငွေကျပ် သိန်း ၄၀၀အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးများသည် အင်္ဂပူမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် အင်္ဂပူမြို့နယ် ပြည်သူ့ဆေးရုံ နှစ်ထပ်အဆောက်အအုံသစ် ဖွင့်လှစ်ပွဲနှင့် ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ကျော်ဆွေ၊ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်တို့က အသီးသီးအမှာစကား ပြောကြားကြပြီး ဆေးရုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင် ဦးသိန်းဝင်း-ဒေါ်တင်လတ်မင်းတို့က ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇင်ဝင်းမောင်ထံ ပေးအပ်သည်။ ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က တိုင်း၌ အသုံးပြုရန် ECG စက်တစ်လုံးနှင့် အင်္ဂပူအထက်တန်း ကျောင်းအတွက် ကွန်ပျူတာသုံးစုံတို့ကို လည်းကောင်း၊ ဦးသိန်းဝင်းနှင့် အလှူရှင်များက ဆေးရုံငွေပဒေသာပင်အတွက် အလှူငွေကျပ် သိန်း ၈၀ ကို လည်းကောင်း တိုင်းမှူးထံ ပေးအပ်လှူဒါန်းကြကာ ဒေသခံပြည်သူများကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တာမွေမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၈ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲတွင် စန္ဒရားပြိုင်ပွဲပထမဆုရ မောင်အောင်ကိုကိုလှအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

လုပ်သားများကောလိပ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

၁၉၇၂-၇၇ခုနှစ် ပညာသင်နှစ် လုပ်သားများကောလိပ် ရူပဗေဒအဓိကကျောင်းသား၊ ကျောင်းသူများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၀ရက် နံနက် ၁၀နာရီတွင် အခန်းအမှတ်(၁) ၁၂ထပ် အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်ရှိ MIEC.PMC Group၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ကျောင်းသူတိုင်း မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ကျင်းပမည့်နေ့မတိုင်မီ ဦးကျော်သူ ဖုန်း-၂၅၆၆၀၂၊ ၀၉၅၁၂၆၅၇၆၊ ဦးစိန်သန်း ဖုန်း-၅၇၉၉၂၆၊ ဦးတင်အေး ဖုန်း-၆၆၆၇၁၈၊ ဒေါ်ခင်နွဲ့ ဖုန်း-၅၃၇၀၁၉၊ ဦးခင်မောင်တင့် ဖုန်း-၂၁၄၈၃၀၊ ဦးခင်စိုး ဖုန်း-၂၁၄၈၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

တရားပွဲသတင်းများ

ပတ္တမြားဆရာတော်ကြီး မွေးနေ့ပူဇော်ပွဲ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် (၁၀၈)တောင်ဘုရားဝင်း အတွင်းရှိ ဟင်္သာတအတွင်းပတ္တမြားစာသင်တိုက်ခွဲ ပဓာနနာယက ပတ္တမြား ဆရာတော်ကြီး၏ သက်တော်(၇၅)နှစ်ပြည့် ဝိဇာတဒိသဝ စိန်ရတုမွေးနေ့ ပူဇော်ပွဲမင်္ဂလာကို ဇန်နဝါရီ ၃၀ ရက်၊ (ပြာသိုလပြည့်ကျော် ၈ရက်)၌ စည်ကားသိုက်မြိုက်စွာကျင်းပပူဇော်မည်ဖြစ်ရာ အကြိုပူဇော်ပွဲအဖြစ် ၂၇ ရက်တွင် မေတ္တာရှင် အရှင်ဇဝန (ရွှေပြည်သာ)က လည်းကောင်း၊ ၂၈ ရက်တွင် တက္ကသီလအရှင်ဝိသုတ(ရွှေကျွန်းမြေ)က လည်းကောင်း၊ ၂၉ ရက်တွင် အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)က လည်းကောင်း ညစဉ် ၈ နာရီမှ စတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

အောင်စကြာဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၁၆

လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဇန်နဝါရီ ၂၅ ရက်ညတွင် သဃ်န်းကျွန်းကြီးပွားရေးရပ်ကွက် တပင်ရွှေထီးလမ်း တရားမဏ္ဍပ်၊ ၂၇ ရက် ညတွင် မင်းဘူးမြို့ နာရေးကူညီမှုအသင်း တရားမဏ္ဍပ်၊ ၂၈၊ ၂၉ ရက် ညများတွင် မင်္ဂလာဒုံ ဓမ္မရိပ်သာ၊ ၃၀ ရက် ညတွင် မင်္ဂလာတောင်ညွန့် ဖို့မြေဓမ္မာရုံ၊ ၃၁ ရက် ညတွင် ကျောက်တန်း မြို့မဈေး ရှင်ဥပဂုတ္တပူဇော်ပွဲ မဏ္ဍပ်၊ ဖေဖော်ဝါရီ ၂၊ ၃ ရက် ညများတွင် ဒေါပုံ ဧယျာသီရိရပ်ကွက် ၅လမ်း တရားမဏ္ဍပ်၊ ၄၊ ၅၊ ၆ ရက် ညများတွင် ဝေါမြို့နယ် အဗျားရွာ၊ ၇ ရက် ညတွင် လှိုင်သာယာ ၂/၆ ရပ်ကွက်၊ ပီမိုးနင်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် တရားမဏ္ဍပ်၊ ၈၊ ၉ ရက် ညများတွင် ထန်းတပင်မြို့နယ် ကုန်းတနဲရိကျေးရွာ၊ ၁၀ ရက် ညတွင် ရွှေပြည်သာ မလွန်ဆန်လှူအသင်း (၁) သောကြာပတ်ဓမ္မာရုံရှေ့၊ ၁၂၊ ၁၃ ရက် ညများတွင် ပဲခူး ဥဿာမြို့သစ် (၂)ရပ်ကွက် ဓမ္မစေတီနန်းဦးကျောင်းလမ်း တရားမဏ္ဍပ်၊ ၁၄၊ ၁၅၊ ၁၆ ရက်ညများတွင် မော်လမြိုင်ကျွန်း ရေကျော်ကြီးကျေးရွာ၊ ၁၇၊ ၁၈၊ ၁၉ ရက် ညများတွင် အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာ၊ ၂၁ ရက် ညတွင် လသာမြို့နယ် ၁၇လမ်းအောက်လမ်း တရားမဏ္ဍပ်၊ ၂၂ရက် ညတွင် မင်္ဂလာတောင်ညွန့် စံပြ ဖ-ဆ-ပ-လ ရပ်ကွက် တရားမဏ္ဍပ်တို့တွင် ထေရဝါဒ ဗုဒ္ဓအဆုံးအမများကို ဟောကြားတော်မူမည်ဖြစ်ရာ ဖုန်း-၀၁-၂၂၄၆၈၁ နှင့် ၀၉-၅၁၁၈၅၃၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဘုရားသုံးဆူ မိုးကုတ်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၁၆

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘုရားသုံးဆူမြို့ (၄)ရပ်ကွက် တောင်ဝိုင်းကွက်သစ်ရှိ ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးအဖွဲ့ (ဘားအံဌာနခွဲ)တွင် ဆရာတော် အရှင်ဝိသံမာဂရက မိုးကုတ်ဝိပဿနာ တရားစခန်း ဖွင့်လှစ် ဟောကြားလျက်ရှိရာ ယောဂီများ ရာသက်ပန်လာရောက် တရားအားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

တွံတေး အရှင်ကုန္ဒက ဓမ္မပွဲစဉ်များ

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၅၁) ရပ်ကွက်၊ မြဝတီမင်းကြီး (၁)လမ်း၊ သိရီမင်္ဂလာ မဟာစည်ရိပ်သာကျောင်းတိုက် ဆရာတော် တွံတေး အရှင်ကုန္ဒက (ဓမ္မကထိက ဗဟုဇနဟိတဓရ)သည် ဇန်နဝါရီ ၁၆ ရက် ည၌ ဖောင်တော်ဦးဘုရားပွဲ မန္တလေးဓမ္မသဘင်၊ ၁၇ ရက် ည၌ ကုန္ဒာအပိုင်း နိဗ္ဗာန်ဆိပ်ဦး ဓမ္မသဘင် မြောက်ဥက္ကလာ၊ ၁၈ ရက် ည၌ ဓမ္မောဇဓမ္မသဘင် မော်လမြိုင်မြို့၊ ၂၀ ရက် ည၌ လက်ပန်တန်းကျေးရွာ ရန်ကုန်တိုင်း ဓမ္မသဘင်၊ ၂၁ ရက် ည၌ မေတ္တာလမ်း ဗိုလ်ထွန်းစံရပ်ကွက်၊ ဒေါပုံဓမ္မသဘင်၊ ၂၂ ရက် ည၌ မင်းဘူးဗြဟ္မစိုရ် နာရေးကူညီမှုအသင်း ဓမ္မသဘင်၊ ၂၃ ရက် ည၌ ၇ နာရီ၌ လင်းလွန်းပင် ပရိယတ္တိစာသင်တိုက် စမ်းချောင်းမြို့နယ်၊ သာသနာ့ဗိမာန်ရေစက်ချ ဓမ္မသဘင်နှင့် ယင်းည ၈ နာရီခွဲ၌ ကမာရွတ်မြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ကိုးနဝင်းကပ်ကျော်စေတီတော် ဓမ္မသဘင်၊ ၂၄ ရက် ညနှင့် ၂၅ ရက် ည၌ သာယာဝတီ ငဖြူလေးကျေးရွာ ဓမ္မသဘင်၊ ၂၇ ရက် ည၌ ဒဂုံညွန့်ဈေး တာမွေမြို့နယ် (၄၆)ကြိမ်မြောက် ဆွမ်းအောင်ပွဲ ဓမ္မသဘင်၊ ဖေဖော်ဝါရီ ၁ ရက် ည၌ သရေခေတ္တရာလမ်း ပဋ္ဌာန်းအောင်ပွဲ တောင်ဥက္ကလာပ ဓမ္မသဘင်၊ ၂ ရက် ည၌ ရန်ကင်းမြို့နယ် ဘောက်ထော် ဘူတာရုံလမ်း အနေးယာဉ်မိသားစု ဓမ္မသဘင်၊ ၃ ရက်နှင့် ၄ ရက် ည၌ ကဒုံကနိကျေးရွာ ဘိုကလေးမြို့နယ် ဓမ္မသဘင်၊ ၆ ရက် ည၌ ပိတောက်လမ်း (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပဓမ္မသဘင်၊ ၇ ရက်ည၌ သိဒ္ဓိအောင်ကျောင်း ဒဂုံဆိပ်ကမ်းမြို့နယ် ဓမ္မသဘင်၊ ၈ ရက် ည၌ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက် ဓမ္မသဘင်၊ ၉ ရက်နှင့် ၁၀ ရက် ည၌ မော်လမြိုင်မြို့ မုဒုံ ဓမ္မသဘင်တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

ကောင်းသောအမှု ပြုပါလေ

ကိစ္စအမှုတစ်ခုခုကို ပြုလုပ်မိသော် စိုးရိမ်ပူပန် နောင်တရခြင်းမရှိ။
ထိုအမှု၏ ကောင်းကျိုးကိုလည်း ဝမ်းမြောက်ကြည်နူး ခံစားရ၏။
ထိုအမှုကို ကောင်းမှုဟု မှတ်ယူရာ၏။

(ဓမ္မပဒ ၆၈)

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း နမ့်စန် ဓာတ်အားခွဲရုံစီမံကိန်းနှင့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၆

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် တာဝန်ရှိသူတို့လိုက်ပါလျက် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် နမ့်စန်ဓာတ်အားခွဲရုံစီမံကိန်းသို့ရောက်ရှိပြီး ဓာတ်အားလိုင်းသွယ်တန်းရေးလုပ်ငန်း ဆောင်ရွက်နေသော ဝန်ထမ်းများအားတွေ့ဆုံ၍ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက လုပ်ငန်းဆောင်ရွက်ရမှု အခက်အခဲနှင့် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့် အဖွဲ့သည် ညနေပိုင်းတွင် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌အထက်ကျိုင်းတောင်း စီမံကိန်း၏ လုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပွင့်လင်းရာသီတွင် ဆောင်ရွက်မည့် အစီအစဉ်များကို အသေးစိတ်မှာကြားပြီး ရှုရပ်မှစီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း တမံနေရာ၏ အောက်ပိုင်းနေရာ၊ ရေတံခွန်နေရာ၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် ရွေးချယ်ထားသောနေရာတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အထက်ကျိုင်းတောင်း စီမံကိန်းသည် မိုးနဲခရိုင်၊ ကျိုင်းတောင်းမြို့၏ အနောက်မြောက်ဘက် ၁၀ မိုင်ခန့်အကွာ နမ့်တိန်ချောင်းပေါ်တွင် တည်ရှိ၍ စက်တပ်ဆင်အင်အား ၅၂ ဒသမ ၅ မဂ္ဂါဝပ်ရှိမည်ဖြစ်ပြီး ယခုနှစ်မှ စတင်တည်ဆောက်မည့် ရေအားလျှပ်စစ် စီမံကိန်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးခင်ဇော်ဝင်းအား ဆော်ဒီအာရေဗျနိုင်ငံသို့ ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးခင်ဇော်ဝင်းအား ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ဇန်နဝါရီ ၁၂ ရက်က အလက(၃) တာမွေနှင့် အထက (၅) မင်္ဂလာတောင်ညွန့်(ယခင်စိန့်မိုက်ကယ်ကျောင်း)၏ အဌမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သန်လျင်မြို့နယ် ပဲခူးစု အမကကျောင်း ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၂ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆု (တံခွန်စိုက်)ရရှိသော မဆုနန္ဒာထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဆွေ ဆုချီးမြှင့်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၁-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၂၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၅:၀၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၅:၂၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ **ကာတွန်းအစီအစဉ် "ငါးကလေးရဲ့စွန့်စားခန်း" (အပိုင်း-၁၄)**
- ၆:၃၅ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဒီလိုင်းနှင့်အတူ" (အပိုင်း-၁၀)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိမ်းငှက်သူရဲကောင်း" (ဒုတိယတွဲ) (အပိုင်း-၂၄)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

မိုးမိတ်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၆

မိုးမိတ်မြို့နယ်အသင်း၏ တတိယအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၀ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမှတ် (၉၀) မင်းလမ်း ဆရာစံတောင်ရပ်ကွက် ဗဟန်းမြို့နယ်ရှိ သာသနာရာမိက ကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။ မြို့နယ်သူ မြို့နယ်သားအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို အမှုဆောင်များနှင့် ဦးဇင်ကိုလေးတို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

တရုတ်နှင့် အိန္ဒိယဆက်ဆံရေး ဖွံ့ဖြိုးစေရန် အခွင့်အလမ်းအများအပြားရှိသည်ဟု အိန္ဒိယဝန်ကြီးချုပ်ပြောကြား

ပေကျင်း ဇန်နဝါရီ ၁၆

အိန္ဒိယနိုင်ငံက တရုတ်နိုင်ငံကိုထိန်းချုပ်နိုင်ရန်အတွက် ကြိုးပမ်းနေခြင်းမဟုတ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းနေကြသည့် နှစ်နိုင်ငံစလုံး၏ ဘုံအကျိုးစီးပွားပင်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက အင်္ဂါနေ့တွင် ပြောကြားသည်။

ကမ္ဘာ့လူဦးရေ၏ ၂၀ရာခိုင်နှုန်းကျော်ရှိသည့် အိန္ဒိယနှင့် တရုတ်နှစ်နိုင်ငံအတွက် ဆက်ဆံရေးဖွံ့ဖြိုးစေရေး လုပ်ဆောင်ရန်အခွင့်အလမ်း လုံလုံလောက်လောက် ရှိနေသေးသည်ဟု ၎င်းကပြောကြားသည်။

မိမိတို့၏ အခြေခံကျသည့် နိုင်ငံခြားရေးမူဝါဒ၏တာဝန်မှာ မိမိတို့ လျင်မြန်စွာ ဖွံ့ဖြိုးစေရန် ဆောင်ကြဉ်းပေးမည့် ပြင်ပပတ်ဝန်းကျင်အခြေအနေပင် ဖြစ်သည်ဟု ၎င်းကပေကျင်းလူမှုရေးတက္ကသိုလ်တွင်ပြောကြားသည့် မိန့်ခွန်းတွင်ထည့်သွင်းပြောကြားသည်။ မိမိတို့၏မူဝါဒမှာ မိမိတို့၏ ဖွံ့ဖြိုးမှု ကျယ်ပြန့်ရေးအတွက် ကြိုးပမ်းမှုနှင့် ကမ္ဘာတစ်ဝန်းတွင် မဟာဗျူဟာမြောက် လုပ်ပိုင်ခွင့်ကို မိမိတို့ ရရှိရေးပင်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

လွတ်လပ်သည့် မိမိတို့၏နိုင်ငံခြားရေးမူဝါဒကို အခြေခံ၍ နှစ်နိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ အခြားနိုင်ငံများနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သည်ဟု ၎င်းက ထပ်လောင်း ပြောကြားသည်။

မိမိတို့နှစ်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရန်ဖော်ဆောင်ရင်းဖြင့် စီးပွားရေးအရ တိုးတက်ချမ်းသာကြွယ်ဝစေရန် လုပ်ဆောင်ရေးအတွက် အခြေအနေအများအပြားရှိနေသည်ဟု ၎င်းကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



မစ်ချီဂန်ပြည်နယ်တွင် အနိုင်ရရှိသူ ရီပတ်ဘလစ်ကန်ပါတီမှ ကိုယ်စားလှယ် မစ်ရွမ်နေး။ (ဓာတ်ပုံ-အင်တာနက်)

မစ်ချီဂန်ပြည်နယ်၌ပြုလုပ်သည့် ရီပတ်ဘလစ်ကန် သမ္မတလောင်းရွေးပွဲ မစ်ရွမ်နေးက ဂျွန်မက်ကိန်းကိုအနိုင်ရပြီး ဆက်လက်ယှဉ်ပြိုင်ရန်လမ်းပွင့်သွား

ဝါရှင်တန် ဇန်နဝါရီ ၁၆

အမေရိကန်သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်ရန် မစ်ချီဂန်ပြည်နယ်၌ ပြုလုပ်သောအခြေခံအဆင့် ရွေးချယ်ပွဲတွင် ရီပတ်ဘလစ်ကန်ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်သူ ကိုယ်စားလှယ်မစ်ရွမ်နေး အနိုင်ရရှိသွားပြီဖြစ်၍ သမ္မတလောင်းရွေးချယ်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်ရန် အခွင့်အလမ်း ပွင့်သွားပြီဖြစ်သည်။

ဂျွန်မက်ကိန်း ဒုတိယ

ရွမ်နေးနှင့် ယှဉ်ပြိုင်သူဆီးနိတ်အမတ် ဂျွန်မက်ကိန်းမှာ မစ်ချီဂန်ပြည်နယ်အခြေခံအဆင့် ရွေးချယ်ပွဲတွင် ဒုတိယနေရာသာ ရရှိခဲ့သည်။

အိုင်အိုဝါးပြည်နယ်နှင့် ဟမ်ရှိုင်းယားပြည်နယ်အခြေခံအဆင့်ရွေးချယ်ပွဲများတွင် ရွမ်နေးသည် စရိတ်အကုန်အကျများစွာခံ၍ ယှဉ်ပြိုင်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့သည်။ သို့ရာတွင် ယခုမစ်ချီဂန်တွင် ၎င်းအနိုင်ရလိုက်သဖြင့် ပြန်လည်ဦးမော့လာပြီဟု ဆိုရမလိုဖြစ်နေသည်။

အကြိတ်အနယ် ပြိုင်ရမည်

ဂျွန်မက်ကိန်းမှာ ဟမ်ရှိုင်းယားရွေးချယ်ပွဲ၌အနိုင်ရရှိခဲ့သူဖြစ်ပြီး မိုက်မက္ကာသီမှာ အိုင်အိုဝါးရွေးချယ်ပွဲ၌ အနိုင်ရရှိခဲ့သူဖြစ်သည်။ ထိုအခြေအနေကြောင့် ၎င်းတို့သည် သမ္မတလောင်းရွေးပွဲ၌ အကြိတ်အနယ်ယှဉ်ပြိုင်ကြရမည့် အခြေအနေတွင် ရှိကြောင်း တွေ့ကြရသည်။ ***(အင်တာနက်)။***

လက်တင်အမေရိကနိုင်ငံများ တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့် ပိုမိုကုန်သွယ်သင့်ဟုပြောကြား

စန်တီယာဂို ဇန်နဝါရီ ၁၆

လက်တင်အမေရိက နိုင်ငံများအနေဖြင့် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်မှုအဆက်အသွယ်များကို တိုးချဲ့သွားသင့်ကြောင်း ကုလသမဂ္ဂ၏ လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသ စီးပွားရေးကော်မရှင်(အီးစီအယ်လ်အေစီ)မှ စီးပွားရေးကျွမ်းကျင်သူများက ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ နောက်ဆုံးသတင်းများ

တရုတ်နိုင်ငံ ပေကျင်းမြို့ပြည်သူ့ခန်းမတွင် ဇန်နဝါရီ ၁၅ ရက်က တရုတ်သမ္မတ ဟူကျင်တောင်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့ တွေ့ဆုံဆွေးနွေးစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါလက်စတိုင်း-အစ္စရေး ဆွေးနွေးပွဲ မည်သည့်တိုးတက်မှုမျှမရကြောင်း မာမွတ်အာဘတ်စ်ပြောကြား

ရာမာလာ ဇန်နဝါရီ ၁၆

အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ဇန်နဝါရီ ၁၄ရက်ကပြုလုပ်ခဲ့သည့် နောက်ဆုံး ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် မည်သည့်တိုးတက်မှုမျှမရှိခဲ့ကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်ကပြောကြားသည်။

ညှိနှိုင်းခဲ့ကြ

အဆိုပါဆွေးနွေးပွဲကို ဂျေရုဆလင်မြို့၌ပြုလုပ်ခဲ့ပြီး နှစ်ဖက်ကိုယ်စားလှယ်များက ဆွေးနွေးရာ၌ ကြုံတွေ့နိုင်သော အခက်အခဲများနှင့် ပတ်သက်၍ ညှိနှိုင်းခဲ့ကြသည်။ ယင်းဆွေးနွေးပွဲသည် ယခုမှ အစမျှသာရှိသေးသည်ဟု အာဘတ်စ်က သတင်းထောက်များကိုပြောကြားသည်။

အဓိကအခက်အခဲ

ထိုငြိမ်းချမ်းရေးဆွေးနွေးပွဲသည် နှစ်များစွာကြာအောင် ရပ်ဆိုင်းနေခဲ့ပြီးမှ ပြန်လည်စတင်ရန် ဒီဇင်ဘာလအတွင်း နှစ်ဖက်စလုံးက သဘောတူခဲ့ကြခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးဆွေးနွေးရာ၌ အစ္စရေးတို့က အနောက်ဘက်ကမ်းခြေဒေသ၌ လူနေအိမ်ခြေများ တိုးချဲ့တည်ဆောက်နေသည့်ကိစ္စသည် အဓိကအခက်အခဲတစ်ခုဖြစ်လျက်ရှိသည်။

အကယ်၍သာ အစ္စရေးတို့အနေဖြင့် အမှန်တကယ် ငြိမ်းချမ်းရေးကို လိုလားကြောင်းပြသပြီး ဆွေးနွေးလာလျှင် မိမိတို့အနေဖြင့် ယခုနှစ်ကုန်တွင် ထိုကိစ္စဖြစ်မြောက်လာအောင် ဆောင်ရွက်နိုင်စရာရှိသည်ဟု အာဘတ်စ်က ဆက်လက်ပြောကြားသည်။

နိုင်ငံရေးပြဿနာ

ငြိမ်းချမ်းရေးဆွေးနွေးပွဲသည် အချိန်ကြာညောင်းစွာ ဆွေးနွေးယူရမည့် နိုင်ငံရေးပြဿနာမျိုးဖြစ်ပြီး အကျိုးရလဒ် တစ်စုံတစ်ရာကိုလွယ်ကူစွာဖြင့်ရနိုင်သော ကိစ္စမျိုးမဟုတ်ကြောင်း၊ သို့ဖြစ်၍ တစ်ကြိမ်နှစ်ကြိမ်ဆွေးနွေးကာမျှနှင့် မြန်ဆန်စွာ အဖြေထွက်လာမည်ဟု မိမိအာမမခံနိုင်ကြောင်း ပါလက်စတိုင်းငြိမ်းချမ်းရေးဆွေးနွေးသူ ယာဆာအာဘဒ်ရာဘိုက ပါလက်စတိုင်း အသံရေဒီယိုသို့ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှုးမြို့၌ ဖြစ်ပွားသော ဆူပူအကြမ်းဖက်မှုများကြောင့် ဒုက္ခရောက်နေရသူအချို့ကို ဇန်နဝါရီ ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တူရကီက အီရတ်မြောက်ပိုင်းကို လေကြောင်းမှတိုက်ခိုက် ကာ့ဒ်သောင်းကျန်းသူများ၏စခန်းကို ပစ်မှတ်ထားခဲ့

အန်ကာရာ ဇန်နဝါရီ ၁၆

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ ကာ့ဒ်သောင်းကျန်းသူများ၏ စခန်းများကို ဇန်နဝါရီ ၁၅ရက်တွင် တူရကီစစ်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း တူရကီစစ်ဘက်က ကြေညာခဲ့သည်။

ယင်းစစ်လေယာဉ်များသည် ဇက်ပ်ဆီးဗီး၊ အဘာဆင်ဗက်ရန်နှင့် ကယ်ကွတ်ဒေသများရှိ ပစ်မှတ်များကို တိုက်ခိုက်ခဲ့သည်ဆိုသည်။

ယခုကဲ့သို့ တိုက်ခိုက်မှုသည် ၂၀၀၇ခုနှစ် ဒီဇင်ဘာလကတည်းက စတင်ကာ အီရတ်မြောက်ပိုင်းကို တူရကီတို့၏ လေးကြိမ်မြောက်စီးနင်းတိုက်ခိုက်မှုဖြစ်ပြီး အသေအပျောက်အပျက်အစီးသတင်းကို မရရှိသေးကြောင်း သတင်းတွင် ဖော်ပြသည်။

အီရတ်တွင် ခြေကုပ်ယူလျက် တူရကီနိုင်ငံကို တိုက်ခိုက်မှုများပြုလုပ်ခဲ့သည့် ကာ့ဒ်အလုပ်သမားပါတီ(ပီကေကေ)မှ သောင်းကျန်းသူများကို တူရကီက အပြစ်တင်ခဲ့သည်။

ယခု ဇန်နဝါရီ ၁၅ရက်က လေကြောင်းစီးနင်းတိုက်ခိုက်မှုသည် ပီကေကေ စခန်းများကို အတည်ပြု၍ ပစ်မှတ်ထား တိုက်ခိုက်ခဲ့ပြီး အစွမ်းကုန် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တူရကီစစ်ဘက်က ပြောကြားသည်။

အင်တာနက်။

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်၌ ဇန်နဝါရီ ၁၅ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူအချို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အာဖရိကဒေသသည် အနောက်အုပ်စု ဒီမိုကရေစီနှင့် သင့်တော်မှုမရှိ ကင်ညာ၌ပေါ်ပေါက်နေသည့် ပဋိပက္ခဖြစ်ရပ်များက ဖော်ပြနေ

ပေကျင်း ဇန်နဝါရီ ၁၅

ကင်ညာနိုင်ငံတွင် ပေါ်ပေါက်လျက်ရှိသည့် ပဋိပက္ခဖြစ်ရပ်များက အာဖရိကဒေသသည် အနောက်အုပ်စု ဒီမိုကရေစီနှင့် သင့်တော်မှုမရှိသေးသည်ကို ဖော်ပြနေခြင်းဖြစ်ကြောင်း တရုတ်သတင်းစာတစ်စောင်က တနင်္လာနေ့တွင် ရေးသားလိုက်သည်။

အကြမ်းဖက်မှုများ

ကင်ညာနိုင်ငံတွင် ရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၇ရက်က ကျင်းပခဲ့ပြီးနောက် အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့သည်။ ယင်းရွေးကောက်ပွဲတွင် သမ္မတကီဘာကီက မဲလိမ်သည်ဟု ဝေဖန်သူများက ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့က ကင်ညာနိုင်ငံမှ နိုင်ငံရေးသမားများအား ထိပ်တိုက်တွေ့ဆုံမှုများ အဆုံးသတ်ရေးအတွက် တိုက်တွန်းခဲ့သည်။

သို့ရာတွင် အနောက်အင်အားကြီးနိုင်ငံများက ကိုလိုနီစနစ် ကျင့်သုံးပြီး အာဖရိကတိုက်တွင် အနောက်တိုင်းပုံစံ ဒီမိုကရေစီ သွတ်သွင်းရန် ကြိုးပမ်းနေသည်ဟု တရုတ်အာဏာရ ကွန်မြူနစ်ပါတီ အာဘော် ပြည်သူ့နေ့စဉ်သတင်းစာက ရေးသားသည်။

ကိုက်ညီမှုမရှိ

အာဖရိကတိုက်တွင် ဒီမိုကရေစီ သွတ်သွင်းမှုသည် ကင်ညာနိုင်ငံ၏ အခြေအနေများနှင့် ကိုက်ညီမှုမရှိဘဲ ဘေးအန္တရာယ်များသာ ပေါ်ထွန်းစေခဲ့သည်ဟု သတင်းစာက ရေးသားသည်။ ကင်ညာနိုင်ငံ၏ ရွေးကောက်ပွဲ အကျပ်အတည်းသည် နမူနာဖြစ်ပြီး အာဖရိကရှိ နိုင်ငံအများစု၏ ရွေးကောက်ပွဲများတွင် နိုင်ငံရေးအရ ပဋိပက္ခ ဖြစ်ခဲ့ကြသည်သာ များသည်ဟု သတင်းစာက ဆက်လက်ရေးသားသည်။

အမ်အင်အေ၊ရိုက်တာ။

ထိုင်းတောင်ပိုင်း၌ ချိန်ကိုက်ဗုံးပေါက်ကွဲ၊ ၁၁ဦးဒဏ်ရာရရှိ

ဗန်ကောက် ဇန်နဝါရီ ၁၆

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဇန်နဝါရီ ၁၅ရက်က လူစည်ကားသော ဈေးအတွင်း ထောင်ထားသည့် မော်တော်ဆိုင်ကယ်ချိန်ကိုက်ဗုံးတစ်လုံး ပေါက်ကွဲသည့်အတွက် ၁၁ဦးအပြင်းအထန် ဒဏ်ရာရရှိသွားသည်။

မလေးရှားနိုင်ငံနယ်စပ်အနီး ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်၌ ကီလိုဂရမ်များစွာ လေးသော ဗုံးတစ်လုံး ပေါက်ကွဲသွားရာ ၂၈ဦးဒဏ်ရာရရှိသွားကြောင်းသိရသည်။ ထိုတောင်ပိုင်းပြည်နယ်များသည် ထိုင်းနိုင်ငံမှ ခွဲထွက်ရေးအတွက် သူပုန်ထနေသည်မှာ လေးနှစ်ကြာရှိသွားပြီဖြစ်သည်။

ယင်းဖောက်ခွဲမှုများသည် ပြည်သူများအကြားအထိတ်တလန့် ဖြစ်ပွားစေရန်ရည်ရွယ်၍ သူပုန်များကပြုလုပ်နေခြင်းဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာမှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး အာကရာတီပရောချ်က ပြောကြားသည်။

နာရာသီဝပ်ပြည်နယ်တွင် ဇန်နဝါရီ ၁၄ရက်က သူပုန်များ၏ ချုံခိုတိုက်ခိုက်မှုကြောင့်ထိုင်း တပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ ယင်းအဖြစ်အပျက်ဖြစ်ပွားပြီး နောက်တစ်ရက်တွင် ဆက်တိုက်ဆိုသလိုဗုံး ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

နမီးဘီးယားတွင် လေယာဉ်ပျက်ကျ အစ္စရေးစိန်ကုန်သည် ငါးဦးသေဆုံး

ဝင်းဟုတ် ဇန်နဝါရီ ၁၅

နမီးဘီးယားနိုင်ငံမြို့တော် ဝင်းဟုတ်မြောက်ဘက် ကီလိုမီတာ ၆၀၀အကွာရှိ ဆင်ခြေဖုံးရပ်ကွက်တစ်ခုပေါ်သို့ ဇန်နဝါရီ ၁၁ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ ခရီးသည်ငါးဦးသေဆုံးကြောင်း၊ ၎င်းခရီးသည်များသည် အစ္စရေးစိန်ကုန်သည်များဖြစ်ကြောင်း သံတမန်များနှင့် ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဆက်စနာ–၂၁၀ အမျိုးအစားလေယာဉ်ငယ်သည် ဇန်နဝါရီ ၁၁ ရက် ဂရင်းနစ်စံတော်ချိန် မွန်းလွဲ ၂နာရီ ၂မိနစ်ခန့်တွင် လေပြင်းနှင့် ကြုံတွေ့ရပြီး အရေးပေါ်ဆင်းသက်စဉ် ပျက်ကျကာ လေယာဉ်အမှုထမ်းများလည်း သေဆုံးသည်။

သေဆုံးသူအစ္စရေးငါးဦးတို့၏ အမည်စာရင်းကို အစ္စရေးမီဒီယာနှင့် နမီဘီးယား စိန်လုပ်ငန်းတာဝန်ရှိသူများက ထုတ်ဖော်ကြေညာခဲ့သည်။ သို့သော် အစ္စရေးသံရုံးကမူ အမည်များကို အတည်မပြုနိုင်သေးဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်တွင် မိုင်းဗုံးပေါက်ကွဲ ကနေဒါတပ်ဖွဲ့ဝင်သေဆုံး

အော့တဝါ ဇန်နဝါရီ ၁၆

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့မြောက်ဘက် ၁၀ ကီလိုမီတာအကွာ၌ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက မိုင်းဗုံးပေါက်ကွဲမှုကြောင့် ကနေဒါနိုင်ငံ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိကြောင်း စစ်ဘက်က ပြောကြားသည်။

၂၀၀၂ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံသို့ ကနေဒါတပ်ဖွဲ့ဝင်များ စေလွှတ်ချိန်မှစ၍ ကနေဒါ လက်နက်ကိုင်တပ်ဖွဲ့ဝင် သေဆုံးမှုသည် ၇၇ဦးရှိသွားပြီ ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းရှိ ကန်ဒါဟာမြို့ အခြေစိုက်စခန်းတွင် ကနေဒါတပ်ဖွဲ့ဝင် ၂၅၀၀ ရှိပြီး ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင် တပ် ပြန်လည်ရုပ်သိမ်းတော့မည် ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ် ရေနံချက်စက်ရုံ မီးလောင်မှုဖြစ်ပွား အပေါင်းပါတပ်ဖွဲ့ ရဟတ်ယာဉ်ပစ်ခတ်မှုကြောင့်ဟုဖြစ်တင်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၆

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့အနီးရေနံမြေရှိ ရှုအာဘာရေနံချက်စက်ရုံ ဇန်နဝါရီ ၁၅ရက်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ ထိုစက်ရုံမီးလောင်ရခြင်းမှာ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များ၏ ရဟတ်ယာဉ်တစ်စင်းမှ ပစ်ခတ်မှုကြောင့်ဖြစ်သည်ဟု အီရတ်က ပြောကြားသည်။

သက်ဆိုင်ခြင်းမရှိ

အရဏ်တက်ချိန်၌ ဖြစ်ပွားသောအဆိုပါမီးလောင်မှုသည် အပေါင်းပါတပ်ဖွဲ့၏ ရဟတ်ယာဉ်များနှင့် တစ်စုံတစ်ရာ သက်ဆိုင်ခြင်းမရှိဟု ဗြိတိန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ထိုမီးလောင်မှုကြောင့် ရေနံချက်စက်ရုံ၏ ဓာတ်ငွေ့နှင့် လောင်စာထုတ်လုပ်ရေးအပိုင်းများ ထိခိုက်ခဲ့ရကြောင်း၊ အန္တရာယ်ကျရောက်နိုင်သည့်အခြေအနေကို ကြိုတင်ကာကွယ်သည့်အနေဖြင့် စက်ရုံကိုပိတ်ထားမည်ဖြစ်ကြောင်း အမည်မဖော်လိုသူ ရေနံအရာရှိတစ်ဦးကပြောကြားသည်။ ယင်းစက်ရုံသည် အစိုးရပိုင် တောင်ပိုင်းရေနံကုမ္ပဏီမှ ပိုင်ဆိုင်သော စက်ရုံဖြစ်သည်။

မီးကိုငြိမ်းသတ်နိုင်ပြီးဖြစ်သော်လည်း စက်ရုံလုပ်သားအများအပြားမှာမီးလောင်သည့် ဒဏ်ရာရခဲ့ကြကြောင်းသိရသည်။ သတင်းတစ်ရပ်အရ ယခုမီးလောင်မှုသည် စိန်ပြောင်းကျည်ထိမှန်၍ ဖြစ်ရသည်ဟုဆိုသော်လည်း ရေနံဝန်ကြီးဟူစိန် အယ်လ်ရှရီစတာနီကမူ အပေါင်းပါတပ်ဖွဲ့၏ ရဟတ်ယာဉ်မှ ပစ်ခတ်မှုကြောင့်ဖြစ်ရသည်ဟု အပြစ်တင်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကားပြတင်းပေါက်မှ လက်ပြနှုတ်ဆက်သူ အခြားယာဉ်တစ်စီးက တိုက်မိ၍ လက်ပြတ်

ကင်ဘာရာ ဇန်နဝါရီ ၁၅

မော်တော်ယာဉ်ပေါ်မှ အပြင်ဘက်ရှိ အမျိုးသမီးငယ်နှစ်ဦးကို လက်ပြနှုတ်ဆက်သူတစ်ဦးအား အခြားမော်တော်ယာဉ်တစ်စီးက တိုက်မိသည့်အတွက် လက် ပြတ်လုနီးပါးဖြစ်သွားကာ လက်တစ်ဖက်ဆုံးရှုံးရမည့် အခြေဆိုက်နေကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံအနောက်ပိုင်း ဘန်ဘူရီဒေသတွင် မော်တော်ယာဉ်စီးနင်းလာသည့် အသက် ၂၀အရွယ်ခရီးသည်တစ်ဦးက အမျိုးသမီးနှစ်ဦးကို ပြတင်းပေါက်မှ လက်ထုတ်ပြီးဝှေ့ယမ်းနှုတ်ဆက်စဉ် အနီးမှ ဖြတ်သန်းမောင်းနှင်လာသည့် မော်တော်ယာဉ်က ၎င်း၏လက်ကို တိုက်မိခဲ့၍ လက်ပြတ်ရလုနီးပါး ဖြစ်သွားခဲ့ရသည်။ ၎င်း၏လက်ကို ဖြတ်ပစ်ရမည်ဟု ဆရာဝန်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အိန္ဒိယ၌ ၁၄ထပ်ဈေး မီးလောင်

ကိုလ်ကတ္တား ဇန်နဝါရီ ၁၅

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့တွင် ဇန်နဝါရီ ၁၃ရက်က ၁၄ထပ်ရှိ ဘာရာဈေး မီးလောင်မှုဖြစ်ပွားရာ ဆိုင်ခန်းပေါင်း ၄၀၀၀ခန့် မီးလောင်ဆုံးရှုံးပြီး တစ်ဦးသေဆုံး ခဲ့သည်ဟု အင်တာနက်သတင်း၌ ဖော်ပြသည်။

အိန္ဒိယနိုင်ငံအရှေ့ပိုင်းရှိ ဘာရာဈေးတွင် ဇန်နဝါရီ ၁၂ရက် နံနက် ၁နာရီ ၁၅မိနစ်ခန့်က အထပ်ရှစ်ထပ်ထက်မနည်း မီးလောင်နေသည်ကို အိန္ဒိယလေတပ်နှင့် အာဏာပိုင်အဖွဲ့တို့သည် မီးသတ်ကား ၄၂စီးဖြင့် ငြိမ်းသတ်ကြသည်။ ည ၇နာရီခွဲတွင် ပေါက်ကွဲသံထွက်ပေါ်လာပြီးနောက် မီးတောက်လောင်မှု ပိုမိုအင်အားကောင်းလာသည်။ မီးအပူရှိန်ကြောင့် အဆောက်အအုံ၏ သံမဏိယက်မများ အရည်ပျော်သွားပြီး ထို ၁၄ထပ်ဈေး ပြိုကျမည်ကို မီးသတ်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့တို့က စိုးရိမ်ခဲ့ကြသည်။

မီးတောက်အားကောင်းနေသည့်အတွက် မီးသတ်သမားများ၏ အသက်အန္တရာယ်ကို စိုးရိမ်မိကြောင်း၊ ထိုအဆောက်အအုံရှိ ဒီဇယ်ဆီများထားသည့် အခန်းလည်းမီးလောင်ကျွမ်းနေသည့်အတွက် မီးကိုမည်သည့်အချိန်တွင် ထိန်းချုပ်နိုင်မည်ကို မသိရှိကြောင်း အနောက်ဘင်္ဂလားပြည်နယ် မီးသတ်ဌာန ဝန်ကြီး ပရာတမ်ချာတာဂျီက ပြောကြားသည်။ မီးလောင်ကျွမ်းမှု ဖြစ်ရာတစ်ဝိုက်မှ နေထိုင်သူများကိုလည်း ရွှေ့ပြောင်းထားရသည်။

အင်တာနက်။

ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပသည့် ဆူမိုနပန်းပြိုင်ပွဲ၌ ယှဉ်ပြိုင်နေသူနှစ်ဦးကို ဇန်နဝါရီ ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကျောင်းသား၊ ကျောင်းသူများ အောင်ပွဲဝင်ရန် ကြိုတင်ပြင်ဆင်

ဦးလှကျော်
(အငြိမ်းစားကျောင်းအုပ်ဆရာကြီး)

၂၀၀၈ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မတ်လ ၁၀ရက်နေ့မှစ၍ လည်းကောင်း၊ အခြေခံပညာကျောင်းများ၏စာမေးပွဲများကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင်လည်းကောင်း ဖြေဆိုကြရမည်ဖြစ်ပါသည်။

ကျောင်းသား၊ ကျောင်းသူများ၏ အဓိကရည်မှန်းချက်မှာ စာမေးပွဲအောင်ရန်ဖြစ်သည်။ အထူးသဖြင့် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးများရရန် ကြိုးစားရပေမည်။

စာမေးပွဲအောင်ရန်မှာ ကြိုးစားရမည် ဆိုသော စာလုံးလေးလုံးဖြင့် မပြီးသေးပါ။ ထိုစာမေးပွဲအတွက် အောင်ပွဲဝင်ရန် ကြိုတင်ပြင်ဆင်ရပေသည်။ မည်သည့်အလုပ်ကိုမဆို စစ်ရောက်မှ မြားချွန်မဖြစ်ရလေအောင် ချိန်ခါရှိခိုက် လုံ့လစိုက်ရမည်။ ကြက်ခြေနီဆောင်ပုဒ်အရ "BE PREPARED "အဆင်သင့် ဖြစ်နေရမည်ဖြစ်၏။

ကျောင်းသား၊ ကျောင်းသူများသည် ဇွန်လမှစ၍ သင်ခန်းစာများကို ကျောင်းမှန်မှန်တက်၍ စာကျက်ခဲ့ကြပြီးဖြစ်သည်။ အတန်းတင်စာမေးပွဲကြီးအတွက် မိမိတို့ ကျက်မှတ်ခဲ့၊ တွက်ချက်ခဲ့ရသော သင်ခန်းစာများကို စနစ်တကျ ပြင်ဆင်ထားရမည်။ စာမေးပွဲအလွန်နီးမှ ကောက်ရိုးမီးလို ဟုန်းခနဲထတောက်၍ မရပေ။ စာမေးပွဲဖြေရမည့် အချိန်မတိုင်မီကပင် မှတ်စုများ၊ မိမိရေးခဲ့သော စာစီစာကုံးများ၊ တွက်ချက်ခဲ့သည့် သင်္ချာပုစ္ဆာများ မိမိလက်ဝယ် အဆင်သင့်ရှိနေရမည်။ စာမေးပွဲ အလွန်နီးမှ မှတ်စုများ ပျောက်ဆုံးခြင်း၊ သူငယ်ချင်းများကိုငှားလိုက်ခြင်း၊ မိမိလက်တွင် တစ်စုတစ်စည်းတည်းမရှိခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် မှတ်စုများ၊ ပြဋ္ဌာန်းစာအုပ်များမရှိခြင်း မဖြစ်သင့်ပေ။ ထိုမှတ်စု၊ ပြဋ္ဌာန်းစာအုပ်များသည် စာမေးပွဲတိုက်ပွဲအတွက် လိုအပ်သည့် အရေးကြီးသောလက်နက်များပင်ဖြစ်ပေသည်။ စစ်ပွဲတစ်ပွဲ ဆင်နွှဲရာတွင် လက်နက်၊ ခဲယမ်းမီးကျောက်၊ စားနပ်ရိက္ခာ၊ စစ်သည်အင်အား၊ စိတ်ဓာတ်ရေးရာ စသောအချက်များ ပြည့်စုံမှသာ တိုက်ပွဲ အောင်နိုင်သည်။

ကျောင်းသား၊ ကျောင်းသူများ၏စိတ်ဓာတ်သည် စာမေးပွဲကိုအောင်ရမည်ဟူသော "အောင်စိတ်" ကို အသည်းနှလုံးတွင် သွင်းထားရမည်။ အောင်မြင်လိုသောစိတ်နှင့်ဝင်ပါက အောင်မည်မှာ မုချဖြစ်ပါသည်။ အောင်လိုစိတ်နှင့်ဖြေပါက အောင်ရမည်ဖြစ်၏။ စားနပ်ရိက္ခာ၊ ခဲယမ်းမီးကျောက်နှင့်တူသော မှတ်စုစာအုပ်များ အဆင်သင့်ရှိပြီးစိတ်ဓာတ်ကြံ့ခိုင်လျှင် အောင်ရမည်ဖြစ်သည်။

စာမေးပွဲတိုက်ပွဲကြီးကိုအောင်ရန် ဘာသာရပ်အားလုံးကို အချိန်ရှိခိုက် အချိန်ဇယားဆွဲကာ ကျက်မှတ်၊ တွက်ချက်လေ့ကျင့်ရန် ဖြစ်ပါသည်။ မိမိအားနည်းသောဘာသာရပ်ကို အချိန်ပိုပေး၍ ကျက်မှတ်ရမည်။ ဥပမာ အင်္ဂလိပ်စာညံ့လျှင် အခြားဘာသာတွေထက် အင်္ဂလိပ်စာကို အချိန်ပိုပေးပြီးကျက်ရမည်။ ရေးရမည်။ ဆရာထံချဉ်းကပ်ကာ ကိုယ်တိုင်စာပိုဒ်ရေးခြင်း၊ ပေးစာရေးနည်းများကို ဆရာ့ထံစစ်ဆေးခံရမည်။ စာပိုဒ်ကိုအလွတ်ကျက်ဖြေ၍မရချေ။ ကိုယ်တိုင်စိတ်ကူးနှင့်ရေးမှ မိမိနားမလည်သောသင်ခန်းစာများကို ဆရာ၊ ဆရာမများက ပြန်လည်သင်ကြားခြင်းပြုရာတွင် မေးမြန်းနိုင်မည်။ ထို့အပြင် လွန်ခဲ့သောနှစ်များက မေးခွန်းဟောင်းများကို လေ့လာရမည်။ ပြန်လည်မမေးသော မေးခွန်းဟူ၍ မရှိပါ။

ပြဋ္ဌာန်းစာအုပ်ထဲမှ သင်ခန်းစာများကို အလျဉ်းသင့်သလို မေးပါသည်။ မေးပြီးသော မေးခွန်းကိုလည်း မမေးနိုင်ဟု မထင်မှတ်စေလိုပါ။ စာမေးပွဲနီးမှ အလျှိုလျှိုထွက်လာသော တစ်ကြိုမေးခွန်း၊ ခန့်မှန်းမေးခွန်းများကို လုံးဝနားမယောင်ရန် သတိပြုရမည်။ တစ်ကြိုခန့်မှန်းမေးခွန်းများကိုတွက်ပြီး ဖောင်းပေးကျက်မှတ်ပါက ခုတ်ရာတစ်ခြား၊ ရှရာတလွဲ ဖြစ်ပေမည်။ အရေးကြီးသည်မှာ ပြဋ္ဌာန်းချက်အားလုံးကို သိအောင်၊ နားလည်အောင် ကျက်မှတ်ထားရန်ဖြစ်ပါသည်။ ဆရာ၊ ဆရာမများကလည်း ပြန်လည်သင်ကြားရေး ကာလတွင် ခက်ခဲသောသင်ခန်းစာများကို ထပ်တလဲလဲရှင်းပြပါလိမ့်မည်။မေးခွန်းကိုမည်သို့ဖြေရမည်ကိုလည်း လမ်းညွှန်လေ့ကျင့်ပေးလေ့ရှိပါသည်။ သင်ပြီးသင်ခန်းစာများကို ပြန်လည် လေ့ကျင့်ရာတွင် ဆွေးနွေးခြင်းက ပိုခရီးရောက်ပါသည်။ ဆရာနှင့် သင်ခန်းစာကိုဆွေးနွေးခြင်း၊ ကျောင်းသား၊ကျောင်းသူအချင်းချင်း ဆွေးနွေးခြင်းများ ပြုလုပ်ရန်ဖြစ်ပါသည်။ ကျောင်းသား၊ကျောင်းသူချင်း ဆွေးနွေးရာတွင် မေးခွန်းတစ်ခုကို တစ်ဦးက ပြောပြသည်ကို နားထောင်ပါ။ နားထောင်ခြင်းဖြင့် မှတ်မိလွယ်ပါသည်။ တစ်ဦးနှင့်တစ်ဦး သင်ခန်းစာကို အပြန်အလှန်ဆွေးနွေးခြင်းသည် တစ်ယောက်တည်း စာကျက်သည်ထက် ပို၍ခရီးရောက်ပါသည်။

အထူးသဖြင့် တက္ကသိုလ်ဝင်တန်းဖြေကြရမည့် တပည့်များထဲမှ ကျောင်းသားသစ်နှင့် နှစ်ဟောင်းသမားများ ပါဝင်ပါသည်။ ယခုနှစ်မှဖြေမည့် ကျောင်းသား၊ ကျောင်းသူသစ်က တန်းစဉ်အောင်လာ၍ပုံမှန်ကျက်မှတ်၍ ရပါသည်။ နှစ်ဟောင်းသမားအဖို့ စာကျက်သည့်အခါ (ဒီသင်ခန်းစာဟာဖတ်ပြီးသား၊ သိပြီးသားပါဆိုပြီး) ချန်လှပ်၍ မကျက်မှတ်ဘဲနေ၍မရပါ။ ဖတ်ပြီးသားဆိုသော်လည်း သင်ခန်းစာအသစ်အဖြစ် သဘောထားပြီး ကျက်ရပါမည်။ နှစ်ထပ်ရှိမှ မှတ်မိမည်ဖြစ်ပါသည်။

ပြဋ္ဌာန်းစာအုပ်ပါသင်ခန်းစာများကို "ကြောင်ပုစွန်စားကြွပ်ကြွပ်ဝါး" ဆိုသကဲ့သို့ ကျက်မှတ်ပြီးလျှင် စာမေးပွဲအောင်ရန် ရာနှုန်းများများစိတ်ချနေနိုင်ပါပြီ။ **စာမေးပွဲဟူသည် စာကိုမေးသောပွဲဖြစ်၍ စာရနေသူအဖို့ စာမေးပွဲကို ကြောက်စရာမလိုပါ။ စာတွေရပြီး ကြိုတင်ပြင်ဆင်ထားက အောင်ပွဲဝင်ရန်သာရှိပါသည်။ စာမေးပွဲဟူသည် ပြဋ္ဌာန်းစာကိုသာမေး၍ ပြဋ္ဌာန်းစာကို ညက်ညက်ကျေနေအောင် ကျောင်းသား၊ ကျောင်းသူများက ကြိုးစားရပါမည်။**

ကျောင်းသား၊ကျောင်းသူများအဖို့ စာရနေသော်လည်း မေးခွန်း၏ သဘောကိုမသိဘဲ ဖြစ်နေမည် စိုးရိမ်သောကြောင့် ဆရာများက မေးခွန်း၏သဘောကို သိရန်၊ ဆောင်ရန်၊ ရှောင်ရန်တို့ကို သေချာစွာရှင်းပြပါလိမ့်မည်။ နောက်ဆုံး တစ်ချက်အနေဖြင့် ထိုသို့စာမေးပွဲအတွက် ပြင်ဆင်ချိန်တွင် ကျန်းမာရေးကို ဂရုစိုက်ရပါမည်။ စာမေးပွဲကို ကြောက် အားလန့်အား အောင်လိုဇောဖြင့် နေ့မနား၊ ညမအိပ်ဘဲ အပြင်းအထန် ကြိုးစားပါက စာမေးပွဲဖြေချိန်တွင် ဖျားနာနေတတ်ပါသည်။ သို့ပါ၍ ပြင်ဆင်ချိန်တွင် ကျက်ပြီးသားစာများကို အေးဆေးစွာ ပြန်လည် ကျက်မှတ်နေရပါမည်။

မိဘများသို့ အထူးပန်ကြားလိုသည်မှာ ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ပြင်ဆင် အောင်ပွဲဝင်နိုင်ရန် ပညာရေး တြိဂံတွင်ပါဝင်သော မိဘများ၏ အခန်းကဏ္ဍမှာလည်း အရေးကြီးကြောင်း သိစေလိုပါသည်။

ကျောင်းသား၊ကျောင်းသူများသည် ၎င်းတို့ကိုယ်တိုင် စိတ်ပါဝင်စားစွာ စာကျက်၍ ကြိုတင်ပြင်ဆင်လျက် ရှိပါသည်။ ဆရာများကလည်း ၎င်းတို့၏ အဓိကတာဝန် ကျေပွန်အောင် အားစိုက်ခွန်စိုက် ပြန်လည်သင်ကြားလျက်ရှိပါသည်။ မိဘဖြစ်သူများကလည်း စာမေးပွဲဖြေရန် နှစ်လအလိုခန့်တွင် မိမိသားသမီးများအားသတိထား၍ ကြီးကြပ်ကွပ်ကဲရန် လိုပါသည်။ မည်မျှပင် အလုပ်ကိစ္စများစေကာ မိမိရင်သွေး စိတ်အေးလွယ်ကူစွာ စာကျက်နိုင်ရန် အခြေအနေကောင်းကို ဖန်တီးပေးရန် လိုအပ်ပါသည်။ အချို့မိဘများသည် စီးပွားရေးနှင့် လူမှုရေးကိစ္စများဖြင့် မအားလပ်နိုင်အောင် အလုပ်ရှုပ်လျက် ရှိသော်လည်း မိမိရင်သွေးများ၏ပညာရေးကို အချိန်ပြည့်ကြီးကြပ်ရမည်။ အထူးသဖြင့် သား၊သမီးများ၏ စာကျက်ချိန်၊ အားလပ်ချိန်၊ အိပ်ချိန်၊ စားချိန်များကို ဂရုစိုက်ရန် လိုအပ်ပါသည်။ အကယ်၍ မိဘနှစ်ပါးမအားလပ်ပါက အတူနေ အဘိုး၊ အဘွား၊ ဦးကြီး၊ ဒေါ်ကြီး၊ အစ်ကို၊ အစ်မ တစ်ဦးဦးအား ထိုတာဝန်ကို ပေးရန်ဖြစ်ပါသည်။ ပညာရေးတြိဂံတွင် မိဘ၊ ဆရာ၊ ကျောင်းသား သုံးဦး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပါက ပညာရေးကောင်းမည်မှာ မုချဖြစ်ပါသည်။

မိဘများအနေဖြင့် သား၊ သမီးများအား မိမိစီးပွားရေးလုပ်ငန်း အခြားကိစ္စများတွင် မလွှဲမရှောင်သာ၍ တာဝန်ပေးသည်မှအပ ထိုစာမေးပွဲနီးသော နှစ်လအချိန်တွင် တာဝန်မပေးစေလိုပါ။ သား၊သမီးများ စိတ်လွတ်လပ်စွာ စာကျက်နိုင်ရန် ကူညီပေးသင့်ပါသည်။

ကြိုတင်ပြင်ဆင် အောင်ပွဲဝင်ရန် ဆိုသည်ကို ကျောင်းသား၊ ကျောင်းသူများ သဘောပေါက်လိုက်နာ ဆောင်ရွက်မည်ဆိုလျှင် စာမေးပွဲဖြေချိန်တွင် အသင့် ဖြစ်နေမည်ဖြစ်ကြောင်း အကြံပြုလိုက်ရပါသတည်း။ ။

စာမေးပွဲဟူသည် စာကိုမေးသောပွဲဖြစ်၍ စာရနေသူအဖို့ စာမေးပွဲကို ကြောက်စရာမလိုပါ။ စာတွေရပြီး ကြိုတင်ပြင်ဆင်ထားက အောင်ပွဲဝင်ရန်သာရှိပါသည်။ စာမေးပွဲဟူသည် ပြဋ္ဌာန်းစာကိုသာမေး၍ ပြဋ္ဌာန်းစာကို ညက်ညက်ကျေနေအောင် ကျောင်းသား၊ ကျောင်းသူများက ကြိုးစားရပါမည်။

သတင်းအချက်အလက်မြေပုံစနစ်နှင့် ဂြိုဟ်တုဓာတ်ပုံများအသုံးချစနစ် သင်တန်းများပို့ချမည်

ရန်ကုန် ဇန်နဝါရီ ၁၆

သတင်းအချက်အလက်နည်းပညာနှင့် ကွန်ပျူတာနည်းပညာများ ပြန့်ပွားရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းနှင့် Myanmar Credent Technology တို့ ပူးပေါင်းစီစဉ်မှုဖြင့် သတင်းအချက်အလက်မြေပုံစနစ် (Geographic Information System)(GIS) သင်တန်းကို နေပြည်တော် ပျဉ်းမနားရှိ အင်ကြင်းခိုင် Cyber Business Center (ဖုန်း–၀၆၇–၄၂၀၉၅၄)၌ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တို့တွင် မွန်းလွဲ ၂ နာရီခွဲမှ ၄ နာရီအထိ လည်းကောင်း၊ ဂြိုဟ်တုဓာတ်ပုံနှင့် ကောင်းကင်ဓာတ်ပုံများ အသုံးချစနစ် (Remote Sensing) သင်တန်းကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech e-Learning Center၌ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် ညနေ ၅ နာရီမှ ၆ နာရီခွဲအထိ လည်းကောင်း ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။

အဆိုပါ သင်တန်းနှစ်ခုစလုံးကို ဖေဖော်ဝါရီ ၁၉ရက်မှ မေ ၆ရက်အထိ သင်တန်းသား ၂၀ စီသာ လက်ခံသင်ကြား ပို့ချမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက Myanmar Info-Tech ရှိ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း အဆောင်၄၊ အခန်း ၄၊ ဖုန်း –၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေါပုံ အထက(၁) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

ဒေါပုံ အထက(၁) ကျောင်းတွင် ပညာသင်ကြားပေးခဲ့ကြသောသက်ပြည့်(အငြိမ်းစား) ဆရာကြီး၊ ဆရာမကြီးများနှင့် အသက်(၅၅)နှစ်အထက် ဆရာ၊ ဆရာမများအား (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ရက်တွင် အထက(၁) မေတ္တာဆောင်ခန်းမတွင် ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံကြွရောက်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်ကြွရောက်ကြပါရန် နှိုးဆော်ထားကြောင်းသိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

မင်္ဂလာတောင်ညွန့် မြို့နယ် ကျောင်းကျန်းမာရေး ထူးချွန်ဆုရကျောင်းများအား ဆုပေးပွဲကို ဇန်နဝါရီ ၁၄ ရက်က အမက(၂)ကျောင်းခန်းမတွင် ပြုလုပ်ရာမူလတန်းကျောင်း ကျောင်းကျန်းမာရေး ဘက်စုံဆုရ အမက(၁၄)ကျောင်းအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုက ဆုချီးမြှင့်ရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်မင်း လက်ခံယူစဉ်။ (၃၂)

ရမည်းသင်းဆရာတော်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

ရမည်းသင်းမြို့နယ်၊ လက်ပံကုန်းကျောင်းဆရာတော် အရှင်သုစိတ္တသည် (၁၃၆၉ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ရက်မှ ပြာသိုလဆန်း ၁ ရက်)အထိ ရမည်းသင်းမြို့ ရန်အောင်မြင် ဓမ္မာရုံ၊ တပို့တွဲလဆန်း ၁၄ရက်တွင် မြစ်သားမြို့နယ် ရုံးပင်ကန်ရွာ မောင်သန်းဝင်း–မခင်မာဌေး ရှင်ပြုအလှူတော်၊ တပို့တွဲလပြည့်ကျော် ၇ရက်တွင် တံတားဦးမြို့နယ် ဒေါင်းဦးရွာ ဦးကုလား–ဒေါ်ချောရှင်ပြုအလှူတော်၊ တပေါင်းလဆန်း ၈ရက်မှ ၁၄ ရက်အထိ နွားထိုးကြီးမြို့နယ် ကန်နားရွာ မိုးကောင်းဘုရားတွင်လည်းကောင်း မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်၊ သစ္စာဆိုက်ဒိဋ္ဌိဖြုတ် အလုပ်ပေးတရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့် ဇန်နဝါရီ ၁၄ ရက်က ရန်ကုန်တောင်ပိုင်းခရိုင်ရုံး(သန်လျင်)အစည်းအဝေးခန်းမ၌ ခရိုင်တွင်းရှိ မြို့နယ်ဦးစီးမှူးများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားစဉ်။ (ခရိုင်ပြန်/ဆက်)

(၅၄)ကြိမ်မြောက် ဆရာဝန်ညီလာခံဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံဆရာဝန်အသင်း (၅၄)ကြိမ်မြောက် ဆရာဝန်ညီလာခံဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းနာယက၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အသင်းတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံခြားဆရာဝန်အသင်းမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်း ဆရာဝန်အသင်းများမှ ကိုယ်စားလှယ်များ၊ အသင်းဝင်များနှင့် ဆေးကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဆရာဝန် အသင်းနာယက၊ ကျန်းမာရေး ဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် ကျန်းမာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်တို့က ညီလာခံအထိမ်းအမှတ်အဖြစ် ဆေးနှင့် ဆေးပစ္စည်းပြခန်း မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအပြီးတွင် ဝန်ကြီး ဒေါက်တာ ကျော်မြင့်နှင့် အဖွဲ့ဝင်များသည် ညီလာခံ အထိမ်းအမှတ်အဖြစ် ဖွင့်လှစ် ပြသထားသော ဆေးနှင့်ဆေးပစ္စည်း ပြခန်းကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ (၅၄)ကြိမ်မြောက် ဆရာဝန် ညီလာခံနှင့်အတူ ဆေးပညာစာတမ်းဖတ်ပွဲ၊ နှစ်ပတ်လည် အထွေထွေအစည်းအဝေးနှင့် ၂၀၀၈-၂၀၀၉ ခုနှစ် အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲများကို ဇန်နဝါရီ ၂၂ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

ဆေးပညာ စာတမ်းဖတ်ပွဲတွင် ပြည်တွင်း၊ ပြည်ပ ဆေးပညာရှင်များ တင်သွင်းသည့် ဆေးပညာစာတမ်း အစောင် ၅၀၊ ဆေးပညာ နှီးနှောဖလှယ်ပွဲ ၁၂ ခုနှင့် ဆေးပို့စတာပြပွဲများကို ကျင်းပ သွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်းနာယက၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ကျော်မြင့်နိုင်တို့က မြန်မာနိုင်ငံ ဆရာဝန်အသင်း (၅၄)ကြိမ်မြောက် ဆရာဝန်ညီလာခံ အထိမ်းအမှတ် ဆေးနှင့် ဆေးပစ္စည်း ပြခန်းမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ပညာဝတီကျောင်းတိုက် ကုသိုလ်ပြုပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကင်းမြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ ပညာဝတီရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ကျေးဇူးရှင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီရိ၏ ငါးနှစ်မြောက် အထိမ်းအမှတ်ဖြင့် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်းစသည့် လှူဖွယ်ဝတ္ထု အစုစုတို့ကို (၁၃၆၉ ခုနှစ် ပြာသိုလဆန်း ၁၃ ရက်) ဇန်နဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ တပည့်ဒါယကာ၊ဒါယိကာမများ လာရောက်လှူဒါန်း ကြည်ညိုနိုင်ရန် အသိပေးထားသည်။ (က-ပ)

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ ဒသမအကြိမ်မြောက် သက်ကြီးဝါကြီး စာကြည့်တိုက်ပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၁၉ ရက်(စနေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများထံ ဖိတ်စာများ ပေးပို့လျက်ရှိ၍ အသင်းသူ၊ အသင်းသားများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားပြီး လှူဒါန်းလိုပါက ဦးချိုအေး(အကြံပေးအဖွဲ့ဝင်) ဖုန်း-၆၉၉၅၁၈၊ ၀၉-၈၀၂၀၄၀၀၊ ပါမောက္ခ ဦးသိန်းရွှေ(စာ/သုဌာန၊ ရန်ကုန်တက္ကသိုလ်) ဖုန်း-၅၃၄၇၇၂၊ ဦးကျော်ဦး (ညွှန်ကြားရေးမှူး၊ အမျိုးသားစာကြည့်တိုက်) ဖုန်း-၅၅၉၂၈၀၊ ၅၄၆၉၈နှင့် ဒေါ်တင်ဝင်းရည်(စာကြည့်တိုက်မှူး၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်) ဖုန်း-၅၃၅၈၄၇၊ ၅၃၆၉၂၇ တို့သို့ ဆက်သွယ်နိုင်သည်။

(က-ပ)

အေအက်ဖ်စီဥက္ကဋ္ဌဖလားကလပ်အသင်းများ ဘောလုံးပြိုင်ပွဲ အုပ်ချုပ်သူအစည်းအဝေးတက်ရန် ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၆

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် AFC President's Cup ကလပ်အသင်းများ ဘောလုံးပြိုင်ပွဲ အတွက် အုပ်ချုပ်သူများ အစည်းအဝေးကို တက်ရောက်ရန် ကမ္ဘောဇဘောလုံးကလပ်အသင်း အတွင်းရေးမှူး ဦးမောင်မောင်လောက်နှင့် အုပ်ချုပ်သူ ဦးမိုးဆန်းအောင်တို့သည် ဇန်နဝါရီ ၁၅ ရက် ညနေပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(ယာပုံ)**

ယှဉ်ပြိုင်

AFC President's Cup ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို မတ် ၂၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ယခု အုပ်ချုပ်သူများ အစည်းအဝေး၌ အိမ်ရှင်နိုင်ငံရွေးချယ်ပြီး အုပ်စုပွဲစဉ်များ ရေးဆွဲသွားမည်ဖြစ်သည်။ ပြိုင်ပွဲသို့ နိုင်ငံ ၁၁ နိုင်ငံမှ အသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ပထမရရှိသည့်အသင်းအား ဖိတ်ကြားခဲ့ခြင်းဖြစ်ရာ ဘဏ္ဍာ/အခွန်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိ၍ ဒုတိယဆုရရှိသည့် ကမ္ဘောဇဘောလုံးအသင်းက ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ငမိုးရိပ်သောက်သုံးရေပိုက်လိုင်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် ၄၆/၄၇ ရပ်ကွက် ငမိုးရိပ် သောက်သုံးရေပိုက်လိုင်းဖွင့်ပွဲသို့ တက်ရောက်၍ ငမိုးရိပ် သောက်သုံးရေပိုက်လိုင်းကို ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ် (၇)ရပ်ကွက်ရှိ သုမင်္ဂလာလမ်းနှင့် (၂၇)လမ်းသွယ်ထောင့်၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပြည်သူများ၏ ကျန်းမာရေးအခမဲ့ ကုသစောင့်ရှောက်ပေးရန် ဖြိုးစေတနာ(အခမဲ့)ဆေးကုခန်း တည်ဆောက်မည့်နေရာနှင့် ကွန်ကရစ်ခြောက်ထပ် အဆောက်အအုံ တည်ဆောက်နေမှုကိုလည်းကောင်း၊ အမှတ် (၆) အခြေခံပညာ အလယ်တန်းကျောင်း၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လျက်ရှိသည့် ခြောက်ခန်းတွဲ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် ကျောင်းတွင်း ရေစီးရေလာ ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေး ကိစ္စရပ်များကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အမှူးပြု၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် ၄၆/၄၇ရပ်ကွက် ငမိုးရိပ် သောက်သုံး ရေပိုက်လိုင်း ဖွင့်လှစ်ပေးစဉ်။ (၁၉)

ချီးမြှင့်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် ၄၆/၄၇ ရပ်ကွက်၌ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ပြီးစီးသော ငမိုးရိပ် သောက်သုံးရေပိုက်လိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ထို့နောက် ငမိုးရိပ်သောက်သုံးရေပိုက်လိုင်းဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က ငမိုးရိပ် သောက်သုံးရေ သွယ်ယူဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး အမှတ် ၄၆/၄၇ ရပ်ကွက် ရေသွယ်ယူရေး ကော်မတီဥက္ကဋ္ဌများကပေးအပ်သည့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာစုစုပေါင်း အစောင် ၁၂၀၀ ကို လက်ခံပြီး အသင်းဝင် အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်သည်။

(၁၉)

ကျေးလက်ပြည်သူများ အသိပညာဗဟုသုတတိုးပွားရေးအတွက် စာကြည့်တိုက်များတွင် ပြည်သူများစာဖတ်လာအောင်စည်းရုံးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်ဖြင့်ထွက်ခွာပြီး ပဲခူးတိုင်း (အရှေ့ပိုင်း)ရှိ ပဲခူးခရိုင်နှင့် တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ရောက်ရှိ၍ လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး ရုံးခန်းမများ၌ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။



ဆွေးနွေးမှာကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တောင်ငူမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ဝန်ထမ်းများအား ရေရှည်တည်တံ့သော စာကြည့်တိုက်များ ထူထောင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးသည် နံနက် ၁၀ နာရီတွင် ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ပဲခူးခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ရွှေကျင် မြို့နယ်နှင့် ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် တောင်ငူမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ တောင်ငူခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ထန်းတပင်မြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ဖြူးမြို့နယ်၊ ရေတာရှည်မြို့နယ်၊ သံတောင်ကြီးမြို့နယ်နှင့် သံတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ တောင်ငူမြို့ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ရေရှည်တည်တံ့ခိုင်မြဲသော ကျေးလက်စာကြည့်တိုက်များ ထူထောင်ရေး၊ ကျေးလက်ပြည်သူများ အသိပညာဗဟုသုတတိုးပွားရေးအတွက် ကျေးလက်စာကြည့်တိုက်များတွင် ပြည်သူများစာဖတ်လာအောင် စည်းရုံးဆောင်ရွက်ရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်များ၏အား၊ လူမှုရေး အသင်းအဖွဲ့များ၏အား၊ စေတနာရှင်ပြည်သူများနှင့် ဒေသခံပြည်သူများ၏ အား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ ကြိုးပမ်းမှုအားစသော အား(၄)အားဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး၊ ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ငန်း (၅)ရပ်ဖြစ်သည့် ကျေးလက်ပြည်သူများ စာဖတ်သော အလေ့အကျင့်ရှိလာအောင်ဆောင်ရွက်ရေး၊ စာအုပ်စာတမ်းများ မပျောက်မပျက်အောင် ထိန်းသိမ်းပြီး စာအုပ်သစ်များ ဝယ်ယူနိုင်ရန် ငွေပဒေသာပင်စိုက်ထူရေးနှင့် စာအုပ်ငှားသည့် စနစ်ထူထောင်ထားရှိရေး၊ ကိုယ်ပိုင်မြေနှင့် အဆောက်အအုံရရှိရေး၊ သင့်တင့်သော ပရိဘောဂရရှိရေးနှင့် စာကြည့်တိုက်ကော်မတီဖွဲ့စည်း၍ စနစ်တကျ ဆောင်ရွက်ပြီး စာကြည့်တိုက်မှူးများထားရှိရေးတို့ကို ဆွေးနွေးမှာကြားကာ အဆိုပါလုပ်ငန်းများ အောင်မြင်ရေးအတွက် သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တောင်ငူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ နံရံကပ်စာစောင်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အထက ဖောင်ကြီး အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

အထက၊ ဖောင်ကြီး ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို အထက်ပါကျောင်းရှိ ကျောက်စိမ်းခန်းမ၌ ဇန်နဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာ၊ ဆရာမများအား အခမ်းအနားသို့ ကြိုဆိုမည့် မော်တော်ယာဉ်သည် လသာရဲစခန်းရှေ့မှ ဇန်နဝါရီ ၂၀ ရက် နံနက် ၈ နာရီတွင် စတင်ထွက်ခွာမည်ဖြစ်သည်။

၁၉၆၆ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမများအားလုံးနှင့် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံစုံညီညီ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်းသိရသည်။

ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်မည့် ဆရာ၊ ဆရာမများသည် မရီရီမြင့် ဖုန်း-၂၄၇၆၇၉၊ မခင်ဝေထွန်း ဖုန်း-၂၄၇၃၈၂၊ ကိုတင်မျိုးညွန့် ဖုန်း-၀၉-၉၀-၅၀၉၂၄၊ ကိုစိန်မြင့်ထွန်း ဖုန်း- ၀၉-၅၁-၁၆၉၅၆ တို့သို့ ဆက်သွယ်ပေးကြပါရန် ပန်ကြားထားကြောင်းသိရသည်။ (က-ပ)

ပလက်ဝမြို့နယ်ရှိ အခြေခံပညာကျောင်းများ ညွှန်ကြားရေးမှူးချုပ်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၆

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဇန်နဝါရီ ၁၂ ရက်တွင် ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ အခြေခံပညာကျောင်းများ၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ပလက်ဝမြို့နယ် အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမ၌ ပလက်ဝမြို့နယ်ရှိ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဆရာ၊ ဆရာမများအနေဖြင့် ပညာရေးမူဝါဒများကို တိကျစွာလိုက်နာပြီး သင်ရိုးညွှန်းတမ်းနှင့်အညီ ဘာသာရပ်အလိုက် သင်ထောက်ကူပစ္စည်းများ၊ သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်းများကို လက်တွေ့အသုံးချသင်ကြားရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရန် အခြေခံပညာမူလတန်းအဆင့်မှစ၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးရေးတို့ကို မှာကြားကာ ပလက်ဝမြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် ခဲတံများကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁-၂၀၀၈ (ကြာသပတေးနေ့)

AM & PM	
၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"သေတတ်အောင်ကြိုးစားပါ" တရားတော် [အရှင်ကုဏ္ဍလ(မော်ကျွန်းဆရာတော်)]
၈:၀၀-၂:၀၀	နိဗ္ဗာန်ဆီသို့---အမေးအဖြေများ
၈:၂၅-၂:၂၅	တေးဂီတအစီအစဉ်
၈:၃၀-၂:၃၀	ပြည်တွင်းအနုပညာရေးရာ
၉:၀၀-၃:၀၀	"သီးနှံစိုက်ပျိုးအထွက်တိုး" ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာသုံးစွဲနည်း
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	တေးဂီတအစီအစဉ်
၉:၂၅-၃:၂၅	သွားမယ် စားမယ် Yankin Restaurant(DIMSUM & HOT POT)
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀-၄:၀၀	အရိုးကျိုးခြင်းနှင့်ကုသခြင်းအကြောင်း(အပိုင်း-၂) (ပါမောက္ခဒေါက်တာနေဝင်း)
၁၀:၃၀-၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅	မိုးလေဝသခန့်မှန်းချက်
၁၀:၄၀-၄:၄၀	သင်ယူလေ့လာဂီတပညာ(ကိုစိုင်း)(အပိုင်း-၂၄)
၁၁:၀၀-၅:၀၀	တေးဂီတအစီအစဉ်
၁၁:၁၅-၅:၁၅	ပေါင်းစုလို့နွဲပျော် နှစ်(၅၀)ပြည့်ရွှေရတုပွဲတော်
၁၁:၃၅-၅:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၄၅-၅:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀-၅:၅၀	"ဘဝများ"ဧည့်ကြိုတစ်ယောက်၏တစ်နေ့တာ
၁၂:၀၅-၆:၀၅	တေးဂီတအစီအစဉ်
၁၂:၁၀-၆:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၁၅-၆:၁၅	သံစဉ်စာသားဖန်တီးသူများ (တေးရေးစတုန်းနှင့်တွေ့ဆုံခြင်း)
၁၂:၄၅-၆:၄၅	ရွှေချစ်သူတို့အတွက် ရွှေမိတ်ဆက်ကဏ္ဍ(၃)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၁၆

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပက်ထရိနာ့(စ်) မြန်မာရေနံကုမ္ပဏီသည် ကမ်းလွန်ရဲတံခွန် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး လုပ်ကွက်အမှတ်၊ M-12 နှင့် M-13 မှ Landfall ဓမင်းဆိပ်သို့ ဆက်သွယ်ထားသော (၂၄)လက်မ ပိုက်လိုင်းအား Rov Inspection and free span correction Job ပြုလုပ်ရန်အတွက် တိုင်းတာရေးရေယာဉ် M.V. SETOUCHI SURVEYOR ဖြင့် ၂၀၀၈ခုနှစ် ဇန်နဝါရီ တတိယပတ်မှ ဖေဖော်ဝါရီလကုန်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Rov Inspection and free span correction Job တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ Point-A Yetagun Platform မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၂ မိနစ် ၅၇ . ၄၁စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ် ၀၇.၇၈စက္ကန့်၊ Point-B Yetagun FSO မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၃ မိနစ် ၅၀.၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၁ မိနစ် ၀၈.၂စက္ကန့်၊ Point-C Yetagun Landfall Area (Daminseik) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၃ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၀၀စက္ကန့်အထိ ဖြစ်သည်။

သို့ဖြစ်၍ Rov Inspection and free span correction Job တိုင်းတာရေးလုပ်ငန်းများအား တိုင်းတာရေးရေယာဉ် M.V. SETOUCHI SURVEYOR ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းနှင့် ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

☆ ကာကွယ်ရေးမှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းစစ်ဌာနချုပ် ကြက်မွေးမြူရေးခြံနှင့် ဆိတ်မွေးမြူရေးခြံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်ရင်းတပ်ဖွဲ့များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ နဝဒေးစံပြစိုက်ခင်းအတွင်း ကြက်ဆူပင် ၁၅၈၀နှင့် ပျိုးပင် ၁၀၀၀၀ စိုက်ပျိုးထားရှိပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်အနေဖြင့် လျာထားဧက ၁၃၀၅၈ ဧကအနက် ၁၂၅၉၄ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ နဝဒေးစံပြစိုက်ခင်းအတွင်း ဘူးစင် ခြောက်စင်၊ သင်္ဘောပင် ၁၁၀၊ ခရမ်းပင် ၂၅၀၊ဘိုစားပဲ(တိုင်ထောင်) ခြောက်စင်၊ မုန်ညင်း ငါးဘောင်၊ ကန်စွန်း ခြောက်ဘောင်၊ ကိုက်လန်၊ မုန်လာဥ၊ ရုံးပတီ၊ ဟင်းနုနယ်၊ ငရုတ်၊ ချဉ်ပေါင်နှင့် ပိန်းပင်များ၊ အုန်းပင်များ၊ ကွမ်းသီးပင်၊ ဒန့်သလွန်ပင်၊ ပေါက်ပန်းဖြူပင်၊ သရက် (စိန်တစ်လုံး)၊ သီဟိုဠ်၊ ကျွန်းနှင့် မဟော်ဂနီပင်များ ကိုစိုက်ပျိုးထားသည်။

မွေးမြူရေးအနေဖြင့် ဝက်ကောင်ရေ ၂၀၀၀၊ ဒေသကြက် ၅၀၀၀၊ ဥစားကြက် ကောင်ရေ ၂၅၀၀နှင့် ဆိတ်ကောင်ရေ ၄၅ကောင်တို့ကိုလည်း မွေးမြူထားရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

✧ ရှေ့ဖုံးမှ

ဖြစ်ပွားလျက်ရှိကြောင်း လီဗာပူးတက္ကသိုလ်မှ ပညာရှင် မိုက္ကယ်လ်ဘီဂွန်နှင့် အဖွဲ့က ပြောကြားသည်။

ဗျူဘောနစ်ပလိပ်ရောဂါသည် ယာဆင်နီးယားပက်တစ်ခေါ် ရောဂါပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး အလယ်ခေတ်က ထိုရောဂါကို အနက်ရောင်သေမင်းဟု တင်စားသုံးနှုန်းခဲ့သည်။ ကြွက်သန်းများကိုက်ရာမှ ရောဂါကူးစက်ခြင်းဖြစ်သည်။ နီမိုးနစ်ပလိပ်ရောဂါသည် ပထမအမျိုးအစားထက်ပို၍ ကြောက်စရာကောင်းသည်။ နှာချေရာ၊ ချောင်းဆိုးရာမှ လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်စေနိုင်သည်။

လက်ရှိအခြေအနေတွင် ထိုရောဂါဖြစ်ပွားမှု အရေအတွက်သည် နည်းပါးနေသေးသည်ကို တွေ့ရသည်။ သို့ရာတွင် ပေါ့ပေါ့ဆဆ သဘောမထားသင့်ပေ။ ထိုရောဂါသည် လူတစ်ဦးမှ တစ်ဦးသို့ ကူးနိုင်ခြင်း၊ ကူးစက်မှုလျင်မြန်ခြင်းနှင့် အသက်သေစေသည်အထိ ဒုက္ခပေးနိုင်ခြင်းစသော အချက်များကြောင့် အလေးထားဂရုစိုက်ရမည့် ရောဂါတစ်မျိုးဖြစ်သည်ဟု ဘီဂွန်နှင့်အဖွဲ့က ပြည်သူ့သိပ္ပံစာစောင်တွင် ရေးသားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရောဂါဖြစ်ပွားမှုမှတ်တမ်းများအရ ကမ္ဘာတစ်ဝန်း ပလိပ်ရောဂါ ဖြစ်ပွားသူဦးရေသည် ၁၀၀၀ မှ ၃၀၀၀ အတွင်းရှိသည်။ လွန်ခဲ့သော ငါးနှစ်အတွင်း ပလိပ်ရောဂါသည် အာဖရိကဒေသနိုင်ငံများ၌ ဖြစ်ပွားမှု များပြားလာသည်ကိုတွေ့ ရှိရသည်။ အထူးသဖြင့် မာဒါဂါစကာ၊ တန်ဇန်းနီးယား၊ မိုဇမ်ဘစ်၊ မာလာဝီ၊ ယူဂန္ဓာနှင့်ကွန်ဂိုနိုင်ငံများတွင်ဖြစ်ကြောင်း သိရသည်။ အမေရိကန်နိုင်ငံ၌လည်း နှစ်စဉ်ပလိပ်ရောဂါဖြစ်ပွားသူ ၁၀ ဦးမှ ၂၀အထိရှိသည်ဟုဆိုသည်။ ***အင်တာနက်။***

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ အကပဒေသာ
- ၈:၂၅ ၈။ နမ္မတီးတံတား(ကံလှ)
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ **"ပေါင်ပေါ်ကျတဲ့မိုး" (ရဲအောင်၊ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ဘုန်းလျှံ၊ ဟန်နီထွန်း၊ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ- မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)**
- ၅:၄၅ ၈။ တေးဂီတအစီအစဉ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ **"သူနဲ့ပဲနေတော့မယ်" (ငှက်ပျောကြော်၊ ကြူကြူသင်း) (ဒါရိုက်တာ-ရွှေဦး-MRTV)**
- ၆:၄၅ ၁၂။ မှဟန်သွယ်သွယ်ဆိုကြမယ်
- ၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးတတိယ ချစ်ပုံပြင်"(အပိုင်း-၃၆) (ဇာတ်သိမ်းပိုင်း)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူများ"(အပိုင်း-၁၉)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ခြင်ဆေးခွေနှင့် ဖယောင်းတိုင်မီး ထွန်းထားရာမှ မီးလောင်မှု ဖြစ်ပွားခြင်း သတိပြု

မီးလောင်လွယ်သော ပစ္စည်းများအနီးတွင် ဖယောင်းတိုင်မီးထွန်းခြင်း၊ ဘုရားမီးပူဇော်ခြင်းကို မေ့လျော့ပေါ့ဆစွာထားရှိခြင်း၊ ဖယောင်းတိုင်မီးထွန်း၍ စာကြည့်ခြင်း၊ အိပ်ပျော်သွားခြင်း၊ ဖယောင်းတိုင်မီးဖြင့် မော်တော်ကားဓာတ်ဆီဖြည့်ခြင်း၊ မီးစက်ဓာတ်ဆီဖြည့်ခြင်း၊ အိပ်ရာခုတင်အနီးတွင် ဖယောင်းတိုင်နှင့် ခြင်ဆေးခွေထွန်းခြင်း၊ မော်တော်ကားခေါင်းခန်း ကူရှင်ပေါ်တွင် ခြင်ဆေးခွေထွန်းခြင်း၊ မီးလောင်လွယ်သောပစ္စည်းများအနီးတွင် ထားရှိခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားလျက်ရှိသကဲ့သို့ မလိုလားအပ်သော ဆုံးရှုံးမှုများဖြစ်ပေါ်နေပါသဖြင့် ခြင်ဆေးခွေနှင့် ဖယောင်းတိုင်မီးထွန်းပါက မီးဒဏ်ခံနိုင်သော သံထည်ပစ္စည်းများကို အောက်ခံအဖြစ် ထားရှိအသုံးပြုကြရန်၊ ခြင်ဆေးခွေနှင့် ဖယောင်းတိုင်မီးများသုံးစွဲပါက လူစောင့်ထားရှိကြရန် ၊ လူစောင့်မရှိပါက မီးငြိမ်းသတ်ထားကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

⇨ ကျောဖုံးမှ

မြို့တော်ဆေးခန်းရှိ တိုင်းရင်းဆေးကုသဌာနတွင် တိုင်းရင်းသမားတော်သုံးဦး၊ နိုင်ငံခြားဆေးကုသဌာနတွင် ဆရာဝန် ၁၂ဦး ထားရှိသည်။ ဆေးခန်းကို တနင်္လာနေ့မှ သောကြာနေ့အထိ ငါးရက်ဖွင့်လှစ်ထားပြီး အထက်ပါနေ့ရက်များတွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိနှင့် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်သည်။ စနေ၊ တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များတွင် ဆေးခန်းပိတ်သည်။

မြို့တော်ဆေးခန်း စတင်ဖွင့်လှစ်သည်မှ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ နိုင်ငံခြားဆေးကုဌာနတွင် လူနာ ၄၁၅၁၆ဦး၊ တိုင်းရင်းဆေးကုသဌာနတွင် လူနာ ၂၂၁၀၅ ဦးကုပေးခဲ့သည်။ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာ ၃၂ ဦးကို ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီးနှင့် အင်းစိန်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးပြီး ကုသမှုခံယူစေသည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို တစ်ဖက်တစ်လမ်းမှ ကူညီပေးခဲ့သည့်အတွက် ဆေးခန်း စတင်ဖွင့်လှစ်သည်မှ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၃၁ရက်အထိ တိုင်းရင်းဆေးကုသဌာနအတွက် ငွေကျပ် ၈၀၅၀၀၀၀၊ နိုင်ငံခြားဆေးကုသဌာနအတွက် ငွေကျပ် ၅၂၄၈၃၅၇၀ အကုန်အကျခံ ကုသပေးခဲ့သည်။

မြို့တော်ဆေးခန်း စတင်ဖွင့်လှစ်စဉ်က အထွေထွေရောဂါကုသမှုဖြင့် စတင် ဆောင်ရွက်ခဲ့သော်လည်း မြို့တော်ဆေးခန်းကို ဆေးရုံကြီးများနှင့် ရင်ပေါင်တန်းနိုင်ရန် ရည်ရွယ်၍ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ သွားကုသမှုဌာနများနှင့်အတူ အထူးခွဲစိတ်ခန်း သုံးခန်း၊ သာမန်ခွဲစိတ်ခန်း တစ်ခန်းကိုပါ တိုးချဲ့ခဲ့သည်။ တိုးချဲ့အစီအစဉ်အရ မျက်စိလူနာများနှင့် အတွင်းတိမ်၊ ရေတိမ် အစရှိသည့် လူနာများကို ဦးစားပေး ကုသသွားမည်ဖြစ်သည်။ မျက်စိနှင့် ပတ်သက်၍ မျက်စိပါရဂူဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်ကြီးများက ခွဲစိတ်ကုသပေးသွားမည်ဖြစ်သည်။ မြို့တော်ဆေးခန်းတွင် ECG ရိုက်ရန် လိုအပ်သည့် လူနာများအပြင် ဖြိုးစေတနာ (အခမဲ့) ဆေးကုခန်းများမှာ ECG ရိုက်ရန်လိုအပ်သော လူနာများကိုလည်း ရိုက်ကူးပေးလျက်ရှိသည်။

မြို့တော်ဆေးခန်း ဆေးရုံအုပ်အဖြစ် ဒေါက်တာနေလင်း ဆေးပညာမဟာသိပ္ပံ (ပြည်သူ့ကျန်းမာရေး)က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။ ထိုနည်းတူ တိုင်းရင်းဆေးကုသဌာနတွင်လည်း တိုင်းရင်းသမားတော်ကြီး ဦးဝင်းကြည်(စုစုအေးအောင်)က ဦးစီးဦးဆောင် ကုသလျက်ရှိသည်။

တိုင်းရင်းဆေး ကုသခန်းတွင် အကြောပြင်၊ လေငန်း၊ နှလုံး၊ ဆီးချို၊ လေဘက်နာနှင့် အထွေထွေရောဂါများကို ကုသပေးလျက်ရှိသည်။ တိုင်းရင်းဆေးကုသမှု ခံယူသူများသည် အများအားဖြင့် မရမ်းကုန်း၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သမိုင်း၊ ညောင်တုန်း၊ မှော်ဘီ၊ တိုက်ကြီးမြို့နယ်များအပြင် ဧရာဝတီတိုင်းနှင့် ရန်ကုန် ဆက်စပ်မြို့နယ်များမှ လူနာများလည်း လာရောက်ကုသကြောင်း သိရှိရသည်။

မြို့တော် ဆေးခန်းသည် လာရောက်ကုသမှုခံယူသည့် လူနာများကို အယုတ်၊ အလတ်၊ အမြတ် မရွေး စေတနာအပြည့်ဖြင့် အခမဲ့ ကုသပေးနေသည်။ နိုင်ငံခြား ဆေးကုသမှုဌာနတွင်လည်း မရမ်းကုန်း၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ ဒဂုံမြို့သစ်မြို့နယ်များအပြင် မှော်ဘီ၊ တိုက်ကြီးမြို့နယ်များမှ လူနာများ လာရောက်ကုသကြကြောင်း လူနာမှတ်တမ်းများအရ သိရသည်။

မြို့တော်ဆေးခန်း ဖွင့်လှစ်ရခြင်း အဓိက ရည်ရွယ်ချက်မှာ ငွေရေးကြေးရေး အကျိုးအမြတ်ကို အဓိက မထားဘဲ ငွေကြေးချို့တဲ့ နွမ်းပါးသူ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် တစ်ထောင့်တစ်နေရာမှ ပံ့ပိုးဖြည့်ဆည်းပေးလိုသည့် ဆန္ဒဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ၊သက်ကြီးပူဇော်ပွဲ၊ထူးချွန်ပုဂ္ဂိုလ်ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၂၇ ရက် (တနင်္ဂနွေနေ့)နံနက်၈နာရီတွင် ကမာရွတ်မြို့နယ် ဗဟိုလမ်းမကြီး အမှတ်(၄၉/ ၅၁) အောင်သောင်းလျှပ်စစ်တာဝါခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင် သက်ကြီး ဘိုးဘွားများ၊ တက္ကသိုလ်အသီးသီးမှ ဂုဏ်ထူးရရှိအောင်မြင်သူများ၊ ပါရဂူဘွဲ့ရရှိသူများ၊ ၂၀၀၆ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ရန်ကုန်မှအသင်းဝင်များ၏ သားသမီးများစာရင်းကို အမှတ်စာရင်းအထောက်အထားများနှင့်တကွ ဇန်နဝါရီ ၂၅ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးသန်းထွေး ဖုန်း-၆၅၀၁၉၇၊ ဒု-ဥက္ကဋ္ဌ ဦးတင်ညို ဖုန်း-၂၁၄၅၉၀၊ ၇၂၆၈၅၅၊ အတွင်းရေးမှူး ဦးခင်မောင်ဇော် ဖုန်း-၆၆၂၅၀၇၊ ဘဏ္ဍာရေးမှူး ဦးပေါ်အေး ဖုန်း-၅၅၅၈၉၅ တို့ထံ ဆက်သွယ်ပေးပို့ကြရန်နှင့် ရန်ကုန်ရောက် မြို့နယ်သား၊ မြို့နယ်သူများ (အသင်းဝင်ပြီးသူဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ) မိသားစုများ အစည်းအဝေးတက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

ကျောက်ကြီး-ရန်ကုန် ခရီးသည်တင်မှန်လုံယာဉ် ရပ်နားထားစဉ် ပေါက်ကွဲမှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁၆

ယနေ့နံနက်ပိုင်းက ကျောက်ကြီးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ယာဉ်အမှတ် (၅ခ/၃၆၄၄) ယာဉ်မောင်း ထွန်းဝင်းလတ် မောင်းနှင်သော ကျောက်ကြီး-ရန်ကုန် ခရီးသည်တင်မှန်လုံယာဉ်သည် ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ်(၆၈)အနီး ပျဉ်ပုံကြီးကျေးရွာ စစ်ကိုင်းလေး မာလာထမင်းဆိုင်၌ ခရီးသည်များ နံနက်စာသုံးဆောင်ရန်အတွက် ရပ်နားထားစဉ် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် ယာဉ်ပေါ်၌ ပေါက်ကွဲမှု တစ်ရပ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်တွင် ယာဉ်နောက်လိုက် လွင်စိုး အသက်(၃၅)နှစ် (အဘ)ဦးပု (ကျောက်တံခါးမြို့နယ် ကွင်းချောင်းကျေးရွာ နေထိုင်သူ)က ကားရေဖြည့်ပြီး အနွေးထည်ကို ယာဉ်ပေါ်သို့ တက်ရောက်သွားထားစဉ် ယာဉ်နောက်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား၍ ပေါက်ကွဲမှုနှင့်အတူ ယာဉ်ပေါ်၌ပင် သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်အား သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သောကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပေါက်ကွဲမှုဖြစ်စဉ်အား တာဝန်ရှိသူများက သတင်းဖော်ထုတ် စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောက်ကြီးမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့်မိုင်းနင်းမိ ပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၆

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၁ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်၊ ကြောင်ပြာကျေးရွာနေ အဘ ဦးထွေးမောင်၏သား ဦးသောင်းအေး၊ အသက် (၃၈)နှစ်သည် သက်ကယ်ရိတ်ရန် တောတွင်းသို့သွားရောက်စဉ် ကျွဲလူးဒိန်သို့အရောက် သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး ဦးသောင်းအေး၏ ဘယ်ဘက်ခြေထောက် ခြေကျင်းဝတ်မှပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

မိုင်းထိဒဏ်ရာရရှိသည့် ဦးသောင်းအေးအား တာဝန်ရှိသူများက ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ထူးထူးခြားခြား ကမ္ဘာ့မှတ်တမ်းဝင် စွမ်းဆောင်သူများ

ထရပ်ကားကို နှစ်ဘီးတည်းဖြင့် အဝေးဆုံး မောင်းနှင်နိုင်သူ

ဩစတြီးယားနိုင်ငံသား ဂျိုဟန်ရက်ဒယ်လ်သည် ၂၀၀၄ ခုနှစ် ဇွန် ၁၈ ရက်က ဩစတြီးယားနိုင်ငံ ဝယ်ဝစ်လေဆိပ်၌ ကီလိုဂရမ် ၇၄၂၀ (၁၆၃၅၈ ပေါင်) အလေးချိန်ရှိသည့် လေးဘီးထရပ်ကားကို ၁၆ ဒသမ ၄ ကီလိုမီတာ(၁၀ ဒသမ ၁၉ မိုင်) အကွာအဝေးအထိ နှစ်ဘီးတည်းဖြင့် ကားကိုတစ်စောင်းမောင်းကာ ကမ္ဘာ့မှတ်တမ်းတင်ခဲ့သည်။ **(အောက်ပုံ)**

ဆိုင်ကယ်ကို ဘီးတစ်ဘီးတည်းဖြင့် အကြိမ်အများဆုံး လှည့်နိုင်သူ

ဂျာမနီနိုင်ငံသား ဟော့စ်ဟော့ဖ်မန်းသည် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၉ ရက်က ဂျာမနီနိုင်ငံ အော့ဘာဟောဆင်မြို့တွင် မော်တော်ဆိုင်ကယ်ကို နောက်ဘီးတစ်ဘီးတည်း အသုံးပြုကာ စက္ကန့် ၃၀ အတွင်း ၃၆၀ ဒီဂရီ အနေအထားဖြင့် (၂၁)ကြိမ်လှည့်ကာ ကမ္ဘာ့မှတ်တမ်း၌စံချိန်သစ် တင်ခဲ့သည်။**(အောက်ပုံ)** စံချိန်ဟောင်းမှာ ၎င်းကိုယ်တိုင်တင်ထားခဲ့သည့် စက္ကန့် ၃၀ အတွင်း (၁၆) ကြိမ်ဖြစ်သည်။

အကြိမ်အများဆုံး လေယာဉ်ကျွမ်းထိုးနိုင်သူ

ယူအေအီးနိုင်ငံတွင် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၉ ရက်က ပြုလုပ်သည့် အယ်လ်အင်လေကြောင်း၊ စွမ်းရည်ပြပွဲ၌ ဟန်ဂေရီနိုင်ငံသား ဇိုလ်တန်ဗီရက်စ်ဆိုသူသည် လေယာဉ်ကို (၄၀၈)ကြိမ်အထိ ဆက်တိုက်ကျွမ်းထိုးကာ စွမ်းရည်ပြသပြီး ကမ္ဘာ့မှတ်တမ်းတင်နိုင်ခဲ့သည်။ **(အောက်ပုံ)**

ဆိုင်ကယ်ကို နောက်ပြန်အဝေးဆုံးစီးသူ

မော်တော်ဆိုင်ကယ်ကို သမားရိုးကျမစီးဘဲ နောက်ပြန်စီးကာ ခရီးအဝေးဆုံး စံချိန်တင်နိုင်ခဲ့သူမှာ အမေရိကန်နိုင်ငံသား မာ့ခ်ဖရိုင်မိုဟာဆိုသူဖြစ်သည်။ ၎င်းသည် ၂၀၀၅ ခုနှစ် စက်တင်ဘာ ၇ ရက်က ကယ်လီဖိုးနီးယားပြည်နယ်၌ မော်တော်ဆိုင်ကယ်ကို ၂၃ ဒသမ ၂ ကီလိုမီတာ (၁၄ ဒသမ ၄၃ မိုင်) အကွာအဝေးအထိ နောက်ပြန်စီးကာ ကမ္ဘာ့မှတ်တမ်းဝင်အောင် စွမ်းဆောင်ပြသနိုင်ခဲ့သည်။

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး ရွှေထီးတော်သစ် တင်လှူပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ ကမ္ဘာအေးကုန်းမြေ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်သစ်များ တင်လှူပူဇော်ပွဲကို (၁၃၆၉ခုနှစ်၊ ပြာသိုလပြည့်) ၂၂-၁-၂၀၀၈(အင်္ဂါနေ့)နံနက် ၉ နာရီတွင် စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါထီးတော်တင်လှူပွဲကြီးတွင် ၃-၁-၂၀၀၈မှ ၇-၁-၂၀၀၈ထိ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ကြည့်ချင်ပွဲများအဖြစ် (၁၃၆၉ခုနှစ်၊ ပြာသိုလဆန်း၁၃ရက်၊ ၁၄ရက်) ဇန်နဝါရီ၂၀ရက်၊၂၁ရက်ညများတွင် မြန်မာ့ရိုးရာ ခြင်းအလှခတ်ပွဲများဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

၁၃၆၉ခုနှစ် ပြာသိုလပြည့်၊၂၂-၁-၂၀၀၈(အင်္ဂါနေ့)နံနက်၇နာရီတွင် အခမ်းအနားကို စတင်ဖွင့်လှစ်၍ နံနက် ၉နာရီတွင် စည်တော်အကများ၊ ဒေဝါဝင်း၊ ရာဇာဝင်းများဖြင့် စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်၍ ရွှေထီးတော်သစ်ကြီးအား တင်လှူမည်ဖြစ်သည်။

ရွှေထီးတော်အတွက် လှူဒါန်းထားကြသော အနယ်နယ်အရပ်ရပ်မှ အလှူရှင်များသည် (၁၃၆၉ခုနှစ်၊ပြာသိုလပြည့်နေ့) ၂၂-၁-၂၀၀၈(အင်္ဂါနေ့) နံနက်၇နာရီတွင် ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုဖူးမြော်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ရက်က တပ်နယ်ခန်းမ၌ ကျင်းပရာ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသူ မပွင့်သစ်ထွန်းအား ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုး ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကိုးဘွဲ့ရကျောင်းတိုက် မဟာသိမ်တော်ကြီး သိမ်နုတ်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ သာသနာပြုဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ် ဦးဆောင်တည်ထောင်အပ်သော ဒဂုံမြို့သစ်မြောက်ပိုင်း (၄၂)ရပ်ကွက် ယူနိုင်းအရပ်ရှိ ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်ကြီးအတွင်း၌ ကျပ်သိန်း ၆၅၀ စီ ကျသင့်သည့် သံဃာဆောင် အမှတ်(၁)နှင့် အမှတ်(၂) ကျောင်းနှစ်ဆောင်၊ ကျပ်သိန်း ၂၀၀ ကျော် ကျသင့်သည့် အခမဲ့ဇီဝိတဒါန ဆေးခန်းနှင့် အခမဲ့ရေအလှူတော်တို့ကို တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်ရာ ဇန်နဝါရီ ၁၈ရက်တွင် ကျပ်သိန်းပေါင်း ၉၀၀ ကုန်ကျမည့် သုံးထပ် ပါသာဒအာကာသသိမ်တော်ကြီး တည်ဆောက်ရန် ကြိုတင်သိမ်နုတ်မြေသန့်မင်္ဂလာ ဆင်ယင်ကျင်းပမည်ဖြစ်ရာ မည်သူမဆိုကြွရောက် ကြည်ညိုနိုင်ကြောင်း သိရသည်။ (က-ပ)

ဇန်နဝါရီ ၃ရက်က တာမွေမြို့နယ် အမက(၂၃)တွင် ပညာရေးစုံညီပွဲတော်၊ ၂၀၀၆-၂၀၀၇ခုနှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေ ပေးအပ်ပွဲကို ကျောင်းခန်းမ၌ကျင်းပရာ တာမွေကလေးရပ်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ လှူဒါန်းကြသော အလှူငွေ ကျပ် ၅၀၅၅၀၀ ကို ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ထွန်းက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိန်မြအား ပေးအပ်လှူဒါန်းစဉ်။ (၀၈)

စာဖတ်ပွဲတော်အခမ်းအနား စည်ကားစွာ ကျင်းပ

ပုသိမ်ကြီး ဇန်နဝါရီ ၂

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန က ကြီးမှူး၍ စာဖတ်ပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၁၀နာရီတွင် ဆင်ရွာကြီးကျေးရွာ အထက(ခွဲ)ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးချစ်နှင့် ခရိုင်ဦးစီးအရာရှိ ဦးမျိုးမြင့်တို့က အမှာစကား ပြောကြားကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ကျောင်းအုပ်ဆရာကြီး ဦးနေဝင်းက စာပေဆိုင်ရာအသိပညာပေး ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။ ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ကျောင်းသူများအား ဆုများအသီးသီးချီးမြှင့်ကြသည်။(ပြန်/ဆက်)

မှုခင်းသတင်းများ

ရွှေပေါက်ကံတွင် ခရီးသည်တင် ဒိုင်နာယာဉ်တစ်စီး တိမ်းမှောက်ရာမှ ခရီးသည်ကိုးဦးဒဏ်ရာရရှိ

ရန်ကုန် ဇန်နဝါရီ ၁၆

မြောက်ဥက္ကလာပမြို့နယ်ရွှေပေါက်ကံစက်မှုဇုန် ကျောင်းလမ်း ၁၇ မှတ်တိုင်အနီးတွင် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်က ရွှေပေါက်ကံ-ရွှေပြည်သာ အမှတ် ၈၀ သန်မြန်သူမော်တော်ယာဉ်လိုင်းမှ ယာဉ်မောင်း မင်းသိန်းဦး(စိစစ်ဆဲ) မောင်းနှင်လာသည့် ခရီးသည်တင် ဒိုင်နာ ယာဉ်သည် ရွှေပေါက်ကံဘက်မှ မောင်းနှင်လာစဉ် အခြားယာဉ်တစ်စီးအား အပြိုင် ကျော်တက်ရာမှ လမ်းဘေးသို့ အရှိန်လွန်ထိုးကျ တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ မသီတာ ၂၉ နှစ်(ဘ)ဦးစန်းအေး အမှတ်(၄၆၉) မြဝတီမင်းကြီးလမ်း (၁၇)ရပ်ကွက် ရွှေပေါက်ကံနေသူအပါအဝင် အမျိုးသမီးငါးဦးနှင့် အမျိုးသားလေးဦး စုစုပေါင်းခရီးသည် ကိုးဦးမှာ ပွန်းပဲ့ဖူးရောင်ဒဏ်ရာများရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်း ယာဉ်ထိန်းရဲတပ်ဖွဲ့က မင်းသိန်းဦး(၃၆)နှစ် (ဘ)ဦးဌေးမောင်အပေါ် (ပ)သတင်းချက်အမှတ် ၄၂/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၈အရ အမှုဖွင့်အရေးယူထားသည်။ (သတင်းစဉ်)

(၁၆)ကွေ့လမ်းဆုံတွင် ယာဉ်တိုက်မှုဖြစ်ပွား လမ်းဖြတ်ကူးသူ အမျိုးသမီးကြီး သေဆုံး

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းနှင့် ရတနာလမ်း (၁၆ ကွေ့)လမ်းဆုံ (၁၆/၂)ရပ်ကွက်ဘက်ခြမ်း မီးပွိုင့်ထိပ်၌ ယနေ့နံနက် ၆ နာရီ ၁၀ မိနစ်ခန့်က အမျိုးသမီးကြီးတစ်ဦးအား အရှိန်ပြင်းစွာ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးကတိုက်မိ၍ သေဆုံးသွားသောဖြစ်ရပ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒေါ်သောင်းတင်(၆၂)နှစ်သည် ရန်ကင်းမြို့နယ် (၁၃)ရပ်ကွက် အမှတ်(၂၈၀) မြန္မာလမ်းတွင် နေထိုင်ပြီး သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံစေတီတော် အနောက်ဘက်မုခ်၌ စာကလေးငှက်သတ္တဝါများအား ဘေးမဲ့ကုသိုလ်ပြုသူများအတွက် ရောင်းချနေသူတစ်ဦးဖြစ်သည်။

ယင်းနေ့ နံနက်ပိုင်းက နေအိမ်မှ ဈေးရောင်းရာသို့ ခြေကျင်လမ်းလျှောက်လာစဉ် (၁၆ကွေ့)မီးပွိုင့် လမ်းဖြတ်အကူး၌ အရှိန်ပြင်းစွာမောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးက မီးပွိုင့်၌ အရှိန်မလျှော့ဘဲ လမ်းဖြတ်ကူးသူ ဒေါ်သောင်းတင်ကို တိုက်မိရာမှ နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့သည်။ ယာဉ်မောင်းသူမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး ၎င်းယာဉ်တိုက်မှုနှင့် ပတ်သက်၍ နယ်မြေ(၄) ယာဉ်မှုစစ်မှ တာဝန်ရှိသူတို့က အမှုဖွင့်အရေးယူ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၅၀၆)

မီးဘေးရှောင် မလောင်ခင်တား

အိမ်ထောင်ရေးပညာပေး ရုပ်ရှင်ကားသစ် ရုံတင်မည်

ကြေးမုံ ရုပ်ရှင်

ရန်ကုန် ဇန်နဝါရီ ၁၆

ယခုလာမည့် သောကြာနေ့ ဇန်နဝါရီ ၁၈ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကား သစ်တစ်ကားရုံတင်ပြသမည်ဖြစ်ပြီး ပြသဆဲမြန်မာဇာတ်ကား "မိုးပေါ်ခုန်တက် ကလိုက်ချင်ပါတယ်"မှာ ရှေ့ဆောင်ရုံတွင် ဆက်လက်ပြသမည် ဖြစ်သည်။

မေ္တာသောကအင်းဝရာဇာ

လိုင်ရုပ်ရှင်ထုတ်လုပ်ရေးမှ သမီးမြတ်ကျော်၏ ဇာတ်လမ်းကို ကိုအောင်မင်းသိမ်းက ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် တာဝန်ယူရေးသားရိုက်ကူးသည့် "မေ္တာသောကအင်းဝရာဇာ"ဇာတ်ကားမှာ မြန်မာတို့၏ အိမ်ထောင်ဘက် ရွေးချယ်မှုထုံးကို အခြေပြုရိုက်ကူးထားသော အိမ်ထောင်ရေး ပညာပေး ဇာတ်ကားတစ်ကား ဖြစ်သည်။

ဇာတ်လမ်းမှာ နှစ်ဦးသဘောတူ ချစ်ခင်စုံမက်ကြပြီး ပေါင်းဖက်ခဲ့ကြသော အိမ်ထောင်ဖက် နှစ်ဦးမှာ အိမ်ထောင်သက် ကြာလာသည်နှင့်အမျှ အိမ်ထောင်ရေးအဆင်မပြေကြတော့ဘဲ လင်မယားကွဲသည်အထိဖြစ်ခဲ့ကြသည်။ သို့ရာတွင် တစ်ကွဲ တပြားခွဲခွာသွားကြခြင်းမဟုတ်ဘဲ တစ်အိမ်တည်းတွင် သီးခြားစီ နေထိုင်ကြခြင်းဖြစ်သည်။ နောက်ဆုံးတစ်ဦးနှင့်တစ်ဦး သဘောထား ပြန်လည်တိုက်ဆိုင်ကြကာ ပျော်ရွှင်စွာ ပေါင်းဖက်ကြပုံတို့ကို ရိုက်ကူးပြသထားသော ဇာတ်ကားဖြစ်သည်။

ရုပ်ရှင်ဇာတ်ကားအမည် ဆန်းသစ်သကဲ့သို့ ဇာတ်လမ်းဇာတ်ကွက်ကလည်း ဆန်းသစ်စွာရိုက်ကူး တင်ဆက်ထားကြောင်းသိရသည်။ အဆိုပါဇာတ်ကားတွင် လူမင်း၊ နန္ဒာလှိုင်၊မိုးဒီ၊ ချိုပြုံး၊ဗေလုဝ၊ တက္ကသိုလ်ဂွမ်းပုံ၊ ဝင်းနိုင်(အနုပညာ)၊ ဇော်ဝင်းနိုင်(မန်း)၊ ကြူကြူသင်း၊ မျိုးမျိုးခိုင်၊ အေးသီတာ၊ ဧရာ၊ ဖိုးတာ၊ မင်းလှိုင်၊ငယ်ငယ်ဇူးဟန်၊ ဆောင်းပွင့်နဒီတို့နှင့်အတူ ညှော့်သည် သရုပ်ဆောင် မေသဥ္ဇာဦးနှင့်ဒေါ်စံရှားတင်တို့ ပါဝင်ထားကြပြီး သမ္မတ၊သွင်နှင့် မင်္ဂလာရုံတို့တွင် တစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။

ယခုသောကြာပတ်ရုံဝင်မည့် မေ္တာသောကအင်းဝရာဇာ ဇာတ်ကားသစ်မှ လူမင်းနှင့် နန္ဒာလှိုင်တို့၏ သရုပ်ဆောင်ဟန်ကို တွေ့ရစဉ်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် အကြမ်းဖက်သမားများအား နှိမ်နင်းသည့် ဇာတ်လမ်းကို ကျောရိုးပြုရိုက်ကူးထားသည့် The Kingdom ဇာတ်ကြမ်းကားဆက်လက် ပြသမည်ဖြစ်သည်။ (ကြေးမုံ)

၂၀၀၇ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံတစ်ဝန်းတွင်မီးလောင်မှုအကြိမ်(၈၀)ဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁၆

၂၀၀၇ခုနှစ်၊ ဒီဇင်ဘာလအတွင်း နိုင်ငံတစ်ဝန်းတွင်မီးလောင်မှုအကြိမ် (၈၀) ဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်မှုအကြိမ် (၈၀)တွင် မီးဖိုမီး၊ ပေါ့ဆမီး (၇၁)ကြိမ်၊ လျှပ်စစ်မီးငါးကြိမ်၊ မသမာသူရှို့မီး တစ်ကြိမ်၊ အလိုအလျောက်မီး နှစ်ကြိမ်၊ တောမီးတစ်ကြိမ် ပါဝင်သည်။

ယင်းမီးလောင်မှုများကြောင့် နိုင်ငံတစ်ဝန်းတွင် အိမ်ခြေအဆောက်အအုံ ၁၂၉လုံး၊ စက်ရုံ/အလုပ်ရုံ နှစ်ရုံ မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၆၈၁ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူခုနစ်ဦးသေ၊ သုံးဦးဒဏ်ရာရခဲ့သည်။

ဖြစ်ပွားခဲ့သောမီးလောင်မှုအကြိမ်(၈၀)တွင် မီးဖိုမီးအပါအဝင် ပေါ့ဆမီး (၇၁)ကြိမ်ပါဝင်သဖြင့် မီးကိုမဆင်မခြင်သုံးစွဲမှုကြောင့်ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ်စုစုပေါင်း၏ ၈၈ ဒသမ ၇၅ ရာခိုင်နှုန်းခန့်ပါဝင်သည်ကိုတွေ့ရှိရသည်။ မီးလောင်မှု အကြိမ်များကို ပြည်နယ်နှင့်တိုင်းအလိုက် ဆန်းစစ်ကြည့်ရာတွင် ရန်ကုန်တိုင်း၌ အကြိမ်အများဆုံး၊ မန္တလေးတိုင်းတွင်ဒုတိယအကြိမ်အများဆုံး၊ စစ်ကိုင်းတိုင်း၌ တတိယအကြိမ်အများဆုံး ဖြစ်ပွားခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

၂၀၀၇ခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်တိုင်း၌ မီးလောင်မှုအကြိမ်အများဆုံးဖြစ်ပွားခဲ့ရာ ဖြစ်ပွားခဲ့သည့်မီးလောင်မှုအကြိမ်(၃၀) အနက် ၂၆ကြိမ်မှာ မီးဖိုမီးအပါအဝင် ပေါ့ဆမှုကြောင့် လောင်ကျွမ်းရသောမီးများဖြစ်သည်။ (သတင်းစဉ်)

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နှစ်(၆၀) ပြည့် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏

အဂ္ဂမဟာသိရိသုဓမ္မမဏိဇောတဓရ

ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော

သိရိသုဓမ္မမဏိဇောတဓရ ဦးဇော်မင်းဇင်

(Managing Director - Z.G.S Co.,Ltd) အား

လက်တွဲညီလှသော ပါရမီဖြည့်ဖက် ဒေါ်တင်သီတာ **(Director - Z.G.S Co.,Ltd)** နှင့်

အတူ နိုင်ငံတော်အတွက် ဆတက်ထမ်းပိုးတိုးတက်ဆောင်ရွက်နိုင်ပါစေကြောင်း

ဂုဏ်ယူဝမ်းမြောက်စွာ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

- ဦးဆွေ (Director - Corner Stone Resources (Myanmar) Ltd)၊ ဒေါ်ရှယ်လီသန်းနွဲ့
- ညီမောင် (ဒုတိယဗိုလ်မှူးကြီးဝေဖြိုးသိန်း) - ညီမ ဒေါ်ခင်သူဇာဝင်း၊ တူမ မြတ်နိုးဝေ၊ တူလေး သက်ဇော်

မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဗိုလ်တထောင်မြို့နယ်ရုံးခန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ရုံးခန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ရက် နံနက် ၉နာရီတွင် ဗိုလ်တထောင်မြို့နယ်ရှိ အမှတ်(၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်း၌ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးစံသိန်း၊ ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဆန်းမော်နှင့် မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ ဦးကိုကိုကြီးတို့က မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဗိုလ်တထောင် မြို့နယ်ရုံးခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဥက္ကဋ္ဌ ဦးစံသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးဆန်းမော်က အမှာစကား ပြောကြား၍ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးကိုကိုကြီးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၂၃)နေ
(ဦးလင်ဒင်ကိုင်-ဒေါ်ကျင်ပု)တို့၏ သားငယ်
Lim Hin (a) ဇော်ဝင်း B.Sc(Maths)
Ki Ki (Myanmar) Advertising Media
နှင့်
ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၀ လမ်း၊ အမှတ်(၁၇)နေ
ဦးအေးမြတ်(သိန်းတိုးအောင်ပွဲရုံ၊ ဘုရင့်နောင်)-ဒေါ်ခင်သီတို့၏
တစ်ဦးတည်းသော သမီး
ပြုံးမြတ်သူ B.Com

တို့သည် ၁၃-၁-၂၀၀၈ ရက်နေ့တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
Lim Hin(a) ဇော်ဝင်း-ပြုံးမြတ်သူ

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မြဝတီထရေးဒင်းလီမိတက်နှင့် မိတ်ဆွေရင်းပမာ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော **မြန်မာဘရူဝါရီလီမိတက်**သည် နိုင်ငံတကာ အသိအမှတ်ပြု ISO 22000:2005 **(အစားအသောက် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးစီမံမှုစနစ်)** လက်မှတ် ရရှိသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဦးကျော်ကျော်လင်း
အေးကမ္ဘာသယ်ယူပို့ဆောင်ရေး မိသားစု

ဂုဏ်ပြုဂဏ္ဍဝင်ကမ္ပည်း

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်- ၂/ ၂၀၀၈ ဖြင့် 'စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)' ချီးမြှင့်ခြင်းခံရသော ဒေါ်လဲ့လဲ့သိန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အား၊ နိုင်ငံတော် အကျိုး ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်အား တက်စေကြောင်း ငယ်သူငယ်ချင်းအပေါင်းက ဆုတောင်းမေတ္တာ ပို့သကာဖြင့် ဝမ်းသာဂုဏ်ယူ ပီတိအောင်လံထူနေကြပါကြောင်း။ ။

စီးပွားရေးတက္ကသိုလ်၊ ၁၉၇၉-၃ ဘွဲ့ရသူငယ်ချင်းများ

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်က ချီးမြှင့်သည့် အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၈)ဖြင့် **လူမှုထူးချွန်တံဆိပ် (တတိယဆင့်)**တံဆိပ် ချီးမြှင့်ရရှိကြသော လပွတ္တာမြို့မှ **ဦးဝင်းမောင် အထက်တန်းပြ (အငြိမ်းစား)**နှင့် **ဦးရည်စိန်(ကုန်သည်)**တို့အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုး၊ လူမှုရေးအကျိုးများကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လပွတ္တာမြို့မှ-

ဦးအင်းကက်၊ ဦးနေဝင်း၊ ဦးပေါက်စ၊ ဦးစိန်ဌေး
ဦးမောင်ကျင်၊ ဦးကြည်မြင့်၊ ဦးနိုင်ဝင်း၊ ဦးအောင်အောင်

ကျေးဇူးဆပ်ပါမည်

ကျွန်တော် လင်းကြည်၏ Passport No-772302 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါ။

ဖုန်း-၂၂၉၆၁၁၊ ၂၁၀၃၉၂၊ ၀၉ ၅၁၁၅၂၉၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် - ၂၉၊ လူနေရပ်ကွက်အမှတ် (သမိုင်း)၊ မြေကွက်အမှတ် (၆/ခ-၁)၊ ဧရိယာ (၀.၂၄၂) ဧကရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် (၄၄-A)၊ ပြည်လမ်း၊ ၇ မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဟု ခေါ်တွင်သော အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဆော်လီစီတာလာမ် (ခ) ဦးမောင်ထွန်းက တရားဝင် အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများနှင့်တကွလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဆက်လက် အရောင်းအဝယ်ပြု လုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်မျိုးသူ(LL.B) ဦးဇော်ဝင်းထွန်း(LL.B)(D.B.L) ဒေါ်ဝင်းမာလာ(LL.B)

အထက်တန်းရှေ့နေများ

အမှတ် (၅၆၃)၊ (ပထပ်) ကုန်သည်လမ်း နှင့် ဘားလမ်းထောင့်

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၈၅၂၈

သင့်သွေးဖြင့် အသက်ကယ်ပါ

ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ-၂၂)

ရန်ကုန်တိုင်းတရားရုံး

တွဲဖက်တိုင်းတရားသူကြီးအမှတ်-၈ ရုံးတော်၌

၂၀၀၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၄၃နှင့်ဆက်သွယ်သည့်

၂၀၀၇ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၈၁

ဒေါ်ချိုချိုမြင့် နှင့် ဒေါ်မွေးမွေး

ဒီကရီအနိုင်ရသူ တရားရှုံး

ဒေါ်မွေးမွေး အမှတ်-၁၇(အေ-၄)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၁၃၄၃တွင် ရရှိခဲ့သည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည် ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ ၃၀ရက် (၁၃၆၉ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ (၉:၃၀)နာရီအချိန်တွင် ဤရုံးတော်သို့ လာရောက်စေ။

၂၀၀၈ခုနှစ် ဇန်နဝါရီလ ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **ဒေါ်ပြုံးပြုံးအေး**

တွဲဖက်တိုင်းတရားသူကြီးအမှတ်-၈
ရန်ကုန်တိုင်းတရားရုံး

MYANMAR BOOK CENTRE

၏

အထူးစာအုပ်ဈေးရောင်းပွဲတော်

အသစ်ရောက်ရှိလာသော စာအုပ်များအား မိတ်ဆက်လိုသောကြောင့်လည်းကောင်း၊ စာအုပ်ဆိုင်တိုးချဲ့ အဆောက်အအုံဖွင့်လှစ်သော အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ **Myanmar Book Centre** ၏ စာအုပ်ဈေးရောင်းပွဲတော်ကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

နေ့ရက် ။	။ ၁၈. ၁. ၀၈ (သောကြာ) မှ ၂၇. ၁. ၀၈ (တနင်္ဂနွေ) ထိ
အချိန် ။	။ နံနက် ၉:၀၀ မှ ညနေ ၆:၀၀ ထိ
နေရာ ။	။ **Nandawun Compound**
Discount ။	။ **Members : 15%**
	Non-member : 10%

- မေတ္တာလက်ဆောင်အဖြစ် ဝယ်ယူမှု၏ ၁၀% ကို **Gift Voucher** အဖြစ် ထပ်ဆောင်းပေးသွားမည်ဖြစ်ပါသည်။
- အသစ်ရောက်ရှိလာသော စာအုပ်များတွင် **Indian Reprint** များစွာ ပါဝင်သောကြောင့် ဈေးနှုန်းအထူးသက်သာကြောင်း ကြိုတင်အသိပေးလိုပါသည်။
- အင်္ဂလိပ်ဘာသာဖြင့်ရေးထားသော စာအုပ်စုစုပေါင်း (၄၀,၀၀၀) ကျော်၊ **Subject** ပေါင်း(၄၀) ကျော်ကိုခင်းကျင်း ပြသသွားမည် ဖြစ်ပါသည်။

Address:
Nandawun Compound, No. 55, Baho Road, Corner of Baho Road and Ahlone Road, (Near Eugenia Restaurant), Ahlone Township
Yangon, Myanmar. Tel: (951) 212 409, 221 271, 214-708, Fax : (951) 524 580
Email: mbcbook@mptmail.net.mm

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၄)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၄)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၈)ကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၆၄၀ နှင့် ပြည်ပရတနာကုန်သည် ၂၁၀ တို့ရောက်ရှိနေကြပြီး ကျောက်မျက်နှင့် ကျောက်စိမ်းရတနာများကို ကြည့်ရှုလေ့လာနေကြသည်။

ကျောက်မျက်နှင့် ကျောက်စိမ်းများကို ဇန်နဝါရီ ၁၇ ရက်အထိ ပြသမည်ဖြစ်ပြီး ရောင်းချပွဲဖွင့်ပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီတွင်ကျင်းပ၍ ဇန်နဝါရီ ၁၉ ရက်အထိ ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၄)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်း ရောင်းချပွဲ(၂၀၀၈)တွင် ကျောက်မျက်နှင့်ကျောက်စိမ်းများကို ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြို့တော်ဆေးခန်းတွင် လာရောက်ပြသသောလူနာအား ဆေးရုံအုပ်ကြီး ဒေါက်တာနေလင်း ကြည့်ရှုစစ်ဆေးစဉ်။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု တစ်ဖက်တစ်လမ်းမှကူညီ အယုတ်၊ အလတ်၊ အမြတ်မရွေး စေတနာအပြည့်ဖြင့် ကုသပေးနေသည့် မြို့တော်ဆေးခန်း

ရန်ကုန် ဇန်နဝါရီ ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်း၍ မြို့တော်ဆေးခန်းကို ၂၀၀၇ ခုနှစ် ဧပြီ ၁၇ ရက်က မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနှင့် အင်းစိန်လမ်းထောင့်ရှိ မြို့တော်စည်ပင်အဆောက်အအုံ ၌ စတင်ဖွင့်လှစ်ခဲ့သည်။

မြို့တော်ဆေးခန်းတွင် တိုင်းရင်းဆေးကုသဌာနနှင့် နိုင်ငံခြားဆေးကုသဌာနနှစ်မျိုး ပေါင်းစပ်ဖွင့်လှစ်ခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၃ သို့ ➪**

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ

သတင်းထောက်—သန်းဆွေ (ပန်းဘဲတန်း)

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား